

ရှမ်းပြည်နယ်တောင်ပိုင်း
တောင်ကြီးမြို့နယ်

ရှေးဟောင်းသမိုင်းဝင်

# မွေတော်ကက္ကူဘုရားသမိုင်း







မွေတော်ကက္ကူဘုရားဂေါပကအဖွဲ့မှ ထုတ်ဝေသည်



Design by PaO

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊

ကျောက်တလုံးကြီးမြို့နယ်၊ ကက္ကူကျေးရွာအနီးရှိ

## ရှေးဟောင်းသမိုင်းဝင်

# မွေတော်ကက္ကူဘုရားသမိုင်း

F - 10 (A)

ရှေးဟောင်းသမိုင်းဝင်
မွေတော်ကက္ကူဘုရားသမိုင်းကို
**ဆရာကြီးဦးမင်းနိုင်** က တည်းဖြတ်သည်။

ရှေးဟောင်းသမိုင်းဝင်
မွေတော်ကက္ကူဘုရားသမိုင်းတွင် ပါဝင်သောဓါတ်ပုံများကို
**ဦးသန်းဝေ(ဓါတ်ပုံ) တောင်ကြီး** က
ရိုက်ကူးပူဇော်သည်။

ဤရှေးဟောင်းသမိုင်းဝင်
မွေတော်ကက္ကူဘုရားသမိုင်းကို
၁၃၆၂–ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၂)ရက်
၂၀၀၀–ပြည့်နှစ်၊ စက်တင်ဘာလ(၂၄)ရက်
**ခွန်ရာမ**
အတွင်းရေးမှူး(၃)
မွေတော်ကက္ကူဂေါပကအဖွဲ့ က
ပူဇော်ရေးသားသည်။



ထုတ်ဝေသူ

ဦးထွန်းလွင်

( မွေတော်ကက္ကူဘုရား ဂေါပကအဖွဲ့ )

စာမူခွင့်ပြုချက်အမှတ်

၆၁၁(၂၀၁)(၉)

အကြိမ်

တတိယအကြိမ်

အုပ်ရေ

၇၀၀၀

တန်ဖိုး

ဓမ္မဒါန

# ဥပဒေ့ချာဇင်

ဘာသာတရားယုံကြည်ကိုးကွယ်မှုသည် လူတို့၏ စိတ်ပိုင်းဆိုင်ရာ သိမ်မွေ့နည့်ယဉ်ကျေးမှု လူ့ရည်မွန်တရားများပင်ဖြစ်သည်။

ဘာသာတရားယုံကြည်ကိုးကွယ်မှု အဆင့်မြင့်မားလေ ယဉ်ကျေးမှု မြင့်မားလေဖြစ်သည်။ မည်သည့်ဘာသာတရားမျှ ယုံကြည်ကိုးကွယ်မှု မရှိခြင်းသည် မယဉ်ကျေးသေးသော အရိုင်းဘဝလူသားတို့၏ အမှတ်လက္ခဏာဖြစ်သည်။ အရိုင်းဘဝကို စွန့်လွှတ်၍ ယဉ်ကျေးလာရာ၌ ရေမြေတောတောင် သစ်ပင်ကြီး မီးစသည့် သဘာဝတရားတို့၏ အဖျက်တရားများကို ကြောက်ရွံ့စိတ်အရင်းခံ၍ လည်းကောင်း၊ သဘာဝတရား (ဖန်ဆင်းရှင်)တို့၏ ကျေးဇူးပြုမှုကို မျှော်ကိုးအားထား၍လည်းကောင်း ရှေးခေတ်လူတို့သည် ဘာသာတရား ယုံကြည်ကိုးကွယ်မှုကို အစပြုခဲ့ကြလေသည်။

အစွဲအလမ်း ဥပါဒါန်တရားများ အမျိုးမျိုးအဖုံဖုံ စုံအောင်ကွဲပြားခြားနားကြသည့်အားလျော်စွာ ကိုးကွယ်ယုံကြည်မှု ဘာသာတရားများသည်လည်း အမျိုးအစားပေါင်းများစွာ ပေါ်ထွန်းခဲ့ကြသည်။ ပိဋကတ်စာပေများ၌ ရှေးခေတ်ယုံကြည်မှုအမြင်တို့ကို ဒိဋ္ဌိတရား ၆၂-ပါးရှိသည်ဟု ဖော်ပြထားသည်။

F - 10 (B)

ကိုးကွယ်မှုဘာသာတရားအများစုတို့သည် ကြောက်ရွံ့စိုးရိမ်စိတ်၊

မျှော်ကိုးအားထားစိတ်၊ ပညာမပါသော စွဲလမ်း ယုံကြည်စိတ်စသည့် အကြောင်းတရားများကို အခြေခံကြသော်လည်း ဗုဒ္ဓဘာသာတရားတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ယုံကြည် ကိုးကွယ်မှုပြုရာ၌ ယုံကြည်မှုသဒ္ဓါတရားအပြင် အမှားအမှန်ခွဲခြားမှု၊ ကျိုးကြောင်းဆင်ခြင်မှု လက်တွေ့ကျင့်သုံးပြီး ကိုယ်တိုင်သဘောပေါက် ထိုးထွင်းသိမြင်မှု ပညာတို့ကို အခြေခံထားသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာတရားသည် အခြားသောဘာသာတရားတို့ကဲ့သို့ ယုံကြည်မှုသက်သက်ဖြင့် တည်ဆောက်ထားသော (Religion) ဘာသာရေး မဟုတ်ပေ။ ကိုယ်တိုင်လက်တွေ့ကျင့်သုံးကာ တရား၏ဂုဏ်တော် လာလှည့်ရှုလှည့်ဖိတ်ခေါ်ပြီး လက်တွေ့ကျင့်သုံးမှုဖြင့် ကျေနပ်လက်ခံမှသာ ယုံကြည်ကိုးကွယ်နိုင်သည့် ဘာသာတရားဖြစ်သည်။ ဗုဒ္ဓကိုယ်တိုင်ကလည်း မျက်ကန်းယုံကြည်မှုကို အားမပေးချေ။

ဗုဒ္ဓဘာသာတို့ ကိုးကွယ်အားထားသည့် ဗုဒ္ဓဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ပြီးဖြစ်သော်လည်း ကြွင်းကျန်ရစ်သော ဓါတ်တော်မွေတော်တို့ကို ဌာပနာသွင်း၍ ကိုးကွယ်ပူဇော်ကြရာ၌ မွေတော်ကက္ကူဘုရားစေတီသည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။ မွေတော်ကက္ကူစေတီဘုရားမှာ နှစ်ကာလပရိစ္ဆေဒရှည်လျားကြာညောင်းပြီး ရေးဟောင်းသမိုင်းဝင် စေတီဘုရားလည်းဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ငြိမ်းချမ်းရေးရယူပြီးနောက် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်သည့်အခါ အသစ်တည်ဆောက် အဟောင်းပြုပြင် ကက္ကူ

တစ်ခွင်လုပ်ငန်းစဉ်တို့ကို ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ဒေသငြိမ်းချမ်းမှု ရှိလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် ကက္ကူမှာ ဘုရားဖူးများ စည်ကားလာသည်။

ဘုရားဖူးများသည် မွေတော်ကက္ကူစေတီဘုရားအား ဖူးမြော် ကြည်ညိုရာမှ ဘုရားသမိုင်းကြောင်းကို သိမြင်လိုသော ဆန္ဒပြင်းပြလာကြပါသည်။

ဘုရားဖူးများ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ကက္ကူဘုရားသမိုင်းကို တတ်စွမ်းသမျှ ကြိုးပမ်းပြုစုထားရာ ဗုဒ္ဓ၏ အဆင့်မြင့်တရားတော်များဖြစ်သည့် ဈာန် မဂ် ဖိုလ် နိဗ္ဗာန်တရားတို့ကို ရရှိခံစားနိုင်ရန်အလို့ငှါ ဤမွေတော်ကက္ကူဘုရား သမိုင်းကျမ်းစာကို ကြည်ညိုစိတ်ဖြင့် ဖတ်ရှုနိုင်ကြပါစေဟု ဆန္ဒမွန်ဖြင့် ပြောကြားလိုပါကြောင်း။

ဦးအောင်ခမ်းထီ

ဥက္ကဋ္ဌ

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ အထူးဒေသ(၆)

## ဖရာဏာပီတိ ဂွမ်းဆီထိ

ဗုဒ္ဓေါတိ ကိတ္တယန္တဿ
ကာယေ ဘဝတိ ယာပီတိ
ဝရေမေဝဟိ သာပီတိ
ကသိနေနပိ ဇမ္ဗုဒီပဿ။

"ဗုဒ္ဓေါ ဘုရား "ဟူ၍ ကြားသိရသောသူ၏ ကိုယ်သန္တာန်မှာ ဖြစ်ပွားလျက်ရှိသော ကြည်နူးဝမ်းသာမှုပီတိသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသော ကေရာဇ်မင်း၏ စည်းစိမ်ထက်ပင် မြတ်လှသာလွန်ပေသည်။

ဟောကြားမိန့်ဆို အလိုတော်မျှ
ပြသည်အညီ သင်သည်ထပ်တူ
ဖြစ်ပွားမှုဘိ ထို၏ကျေးဇူး
ဂုဏ်အထူးကို မျှဝေလို၍
ဤစာပန်းကုံး ရေးချယ်မွန်းသည် ...

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသောကေရာဇ်မင်း၏ စည်းစိမ်ထက်ပင် မြတ်လှသာလွန်သည့် ဝမ်းသာပီတိများ ဖြစ်ပွားနိုင်ကြပါစေသား။

ခွန်ရာမ



မွေတော်ကက္ကူဘုရားမြောက်ဖက်အရဏ်ခံအတွင်းရှိ
**ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်**



မွေတော်ကက္ကူဘုရားပရိဝုဏ်အတွင်း အလောင်းစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော

ဖေါင်တော်ဆိုက်စေတီတော်


ဆုတောင်းပြည့်စေတီတော်



အနုပညာမြောက်မှန်စီရွှေချဗုဒ္ဓရုပ်ပွားတော်



ရှေးဟောင်းစေတီတကဲမှအနုပညာရုပ်လုံးများ



ဝင်္ခံဘုရားစေတီ



ခရစ်နှစ် (၁၇၉၃) ခေါင်းလောင်းတော်



ပြုပြင်မွမ်းမံပြီး မွေတော်ကက္ကူဘုရားပရိဝုဏ်ရှုခင်း



ရဟန္တာသိမ်တော်ဟောင်းနေရာ


ဗောဓိပင်နေရာ





မွေတော်ကက္ကူဘုရားအပေါ်စီးရှုခင်း



မပြုပြင်မီ မွေတော်ကက္ကူဘုရားပရိဝုဏ်ရှုခင်း



ခရစ်နှစ် (၁၈၉၃) ခေါင်းလောင်းတော်

# ကက္ကူမွေတော် ဓါတ်တော်မြတ်ကျော်
# တည်ငြိမ်အေးချမ်းဖြစ်စဉ်

## မာတိကာ


- နိဒါန်း - ၁
- စေတီ၏ ဘွဲ့တော်အမည် - ၂
  - ကက္ကူဘုရား - ၂
  - ဓါတုစေတီ - ၇
  - အသောကမင်းတရားကြီး ကိုးတိုင်းကိုးဌာနသာသနာပြုခရီး - ၈
  - ပရိဘောဂစေတီ - ၁၁
  - ပါဋလိပုတ်ပြည် တာမလိတ္တိဆိပ်ကမ်းမှ - ၁၁
  - သီဟိုဠ်ကျွန်း ဇမ္ဗူကောလဆိပ်ကမ်းသို့ - ၁၂
  - ရဟန္တာသိမ်တော် - ၁၃
  - ရွှေဝက်ကူးဘုရား - ၁၄
  - ရွှေဝက်ဝူဘုရား - ၁၅

- ဝက်မင်းနန်းတော် - ၁၆
- သက်တူဘုရား - ၁၇
- ရွှေဂူ၊ ရွှေဂူကြီးဘုရား - ၁၉
တည်နေရာ - ၂၁
ကိုးကွယ်တည်ထားမှု - ၂၁
- အသမ္ဘိန္နဓါတ်တော် - ၂၃
- သမ္ဘိန္နဓါတ်တော် - ၂၃
- ဓါတ်တော်တို့၏ အရွယ်အဆင်းနှင့်ပမာဏ - ၂၄
- ဓါတ်တော်ဝေပွဲကြီး - ၂၄
- မြတ်စွယ်တော်လေးဆူ - ၂၆
- ရှင်မဟာကဿပနှင့် အဇာတသတ်မင်းတို့၏ အမြော်အမြင် - ၂၉
- သီရိဓမ္မာသောကမင်းတရားကြီး - ၃၀
- သုဝဏ္ဏဘုမ္မိသာသနာ - ၃၀
- ကက္ကုသန္ဓမွေတော်ဓါတ်မြတ်ကျော် - ၃၁
တောင်သူကွမ်းညှပ် (တဖြတ်ဖြတ်) - ၃၁
နှစ်ပရိစ္ဆေဒ - ၃၂

- ကက္ကူမြပေးသောရသ - ၃၄
  - တည်ငြိမ်အေးချမ်းခြင်း - ၃၄
  - အံ့သြခြင်း - ၃၅
- ကက္ကူဗုဒ္ဓပူဇနီယပွဲတော်များ - ၄၃
- ကက္ကူမြေတော်ထီးတော်တင်လှူခြင်း - ၄၅
- စဥ်ဆက်ထိန်းသိမ်း - ၄၅
- နိဂုံး - ၅၁
  - ရိုးရာဝတ်ပြုပူဇော်မှု - ၅၁
  - မိရိုးဖလာဗုဒ္ဓဘာသာမှ ကျော်လွန်၍ - ၅၂
- ခေါင်းလောင်းစာများ - ၅၃
- ကျမ်းကိုးစာရင်း

# နိဒါန်း

ကက္ကူမွေတော်ဓါတ်မြတ်ကျော် တည်ငြိမ်အေးချမ်းဖြစ်စဉ်သည် သမိုင်းအမြင်ဖြင့် မွေတော်ကက္ကူဘုရားသမိုင်းပင်ဖြစ်သည်။

ယခုချိန်ခါသမယတွင် သမိုင်းသုတေသီများ၊ ရှေးဟောင်း ယဉ်ကျေးမှု လေ့လာသူများ၊ ရိုးရာပန်းအနုပညာသမားများ၊ ကုသိုလ်ရေးဖြင့် လာရောက် ဖူးမြော်ကြည်ညိုကြသူများသည် ပြည်တွင်းသာမက ပြည်ပခရီးသွားများပါ မွေတော်ကက္ကူမှာ စည်ကားလျက်ရှိပါသည်။

ဘုရားဖူးရောက်ရှိလာကြသူတိုင်းက ကက္ကူမွေတော် ဓါတ်မြတ် ကျော်စေတီကို စိတ်ပါဝင်စားကြည်ညိုကြသည်ဖြစ်၍ စေတီ၏ သမိုင်းကြောင်း ကို မေးမြန်းစုံစမ်းကြသည်။ တတ်သိသူများကလည်း စွမ်းအားအလျောက် ရှင်းပြကြပါ၏။ သို့သော် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်နေကြပါသည်။ ကြားသိလိုသူများ၏ ဆန္ဒသည် ပြည့်ဝသွားခြင်း မရှိပေ။

သို့ဖြစ်၍ ပိဋကတ်စာပေ၊ မဟာဝင်၊ ဒီပဝင်၊ ဗုဒ္ဓဝင်၊ သမိုင်း၊ ရာဇဝင်ကျမ်းများနှင့်အညီ ဘုရားသမိုင်းတစ်စောင် ပြည့်ပြည့်စုံစုံရှိဘို့ လိုအပ်လာပါသည်။

F - 1 (B)

မွေတော်ကက္ကူဘုရားဆိုင်ရာ အကြောင်းအရာများ အချက်အလက် များ ပြည့်စုံစွာမရရှိနိုင်သေးမီ မွေတော်ကက္ကူဘုရားဂေါပကအဖွဲ့မှ ရရှိသမျှသော အကြောင်းအရာအချက်အလက်ဖြင့် ဤကက္ကူမွေတော်ဓါတ်မြတ်ကျော် တည်ငြိမ်အေးချမ်းဖြစ်စဉ်ကို ရေးသားပူဇော်လိုက်ရပေသည်။

## စေတီ၏ဘွဲ့တော်အမည်

(၁) ကက္ကူမွေတော်ဘုရား ( ခရစ် – ၁၈၉၃ ကမွည်း )
(၂) ရွှေဝက်ကူးဘုရား
(၃) ရွှေဝက်ဂူဘုရား
(၄) သက်တူဘုရား
(၅) ရွှေဂူ၊ ရွှေဂူကြီးဘုရား (ခရစ်နှစ် – ၁၇၉၃ ကမွည်း)

## ကက္ကူဘုရား

ကက္ကူမွေတော် ဓါတ်မြတ်ကျော်စေတီများကို ခြံ၍ ဒေသခံတိုင်းရင်းသားတို့က ကက္ကူမွေတော်ဘုရားဟူ၍လည်းကောင်း၊ ထိုထက်ပို၍ လွယ်ကူသော မွေတော်ဟူသော စကားကို ချန်ထားပြီး ကက္ကူဘုရားဟူ၍လည်းကောင်း ပြောဆိုကြသည်။

ကက္ကူဟူသော စကားလုံးဝေါဟာရ၏ အဓိပ္ပါယ်မှာတိုင်းရင်းသား ဘာသာစကားဖြင့် အဓိပ္ပါယ်ဖွင့်ဆိုနိုင်သော်လည်း စေတီဘုရားများ၏ ဘွဲ့တော်အမည်အရာဌာန၌ ဘုရား၏ဂုဏ်တော်နှင့် ပြည့်စုံကိုက်ညီခြင်း မရှိသည်ကို တွေ့ရသည်။ ပအိုဝ်းတိုင်းရင်းသား ဘာသာစကားမှာ ကက္ကူတွင် အသံနှစ်မျိုး ပေါင်းစပ်ထားခြင်းဖြစ်သည်။ ကက်(ကဲက်) + ကူ = ကက္ကူ။ ကက်(ကဲက်) = မှာ ကင်းစခန်းဖြစ်သည်။ ကူ = မှာ နယ်ခြားဖြစ်သည်။ အသံနှစ်ခုပေါင်းစပ်ထားသော ကက္ကူသည်

နယ်ခြားစခန်းဖြစ်သည်။ ကက္ကူမွေတော်ဘုရား တည်ရှိရာဒေသသည် ရှေးခေတ်အခါတွင် ဆီဆိုင်စော်ဘွား နှင့် ညောင်ရွှေစော်ဘွားနယ်၏ အစပ်ဒေသဖြစ်သည်။ သို့ဖြစ်၍ ဤနယ်ခြား ကင်းစခန်းနေရာ ရပ်ရွာဒေသတွင် တည်ရှိသော စေတီဘုရားကို ကက္ကူဘုရား ဟူ၍ ခေါ်ဆိုကြရခြင်း ဖြစ်သည်။

ယင်းထက်လေးနက်၍ ဘုရား၏ဂုဏ်ပုဒ်များနှင့် လိုက်လျောညီထွေရှိပြီး ပို၍ပြည့်စုံသည့် အခြားတစ်ခုသော အဓိပ္ပါယ်ဖွင့်ဆိုချက်လည်း ရှိသေးသည်။ ဤဘဒ္ဒကပ်ကမ္ဘာ၌ ကကုသန္ဓဘုရား၊ ကောဏာဂမနဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရား၊ အရိမေတ္တေယျဘုရားများ ငါးဆူရှိရာတွင် ဘုရားလေးဆူမှာ ပွင့်တော်မူပြီးဖြစ်သည်။ အရိမေတ္တေယျဘုရားမှာ နောင်အနာဂတ်ကာလတွင် မချွတ်ကေန် ပွင့်ထွန်းတော်မူလတ္တံ့ဖြစ်သည်။

ဤဘဒ္ဒကပ်ကမ္ဘာတွင် ပွင့်ထွန်းသည့် ဘုရားရှင်ဘွဲ့တော် အမည်များကို မြန်မာမှုပြုပြီး ခေါ်ဆိုသုံးစွဲခဲ့ရာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရားရှင်ငါးဆူ၏ အမည်တော်များဖြစ်လာကြသည်။ လောကီဝိဇ္ဇာခိုရ်ရိုဏ်းများက ဂမ္ဘီရပညာဖြင့် ထိုထက်အကျဉ်းချုံး၍ ဖေါ်ပြရာမှာ သံ၊ ဂုံ၊ ပ၊ မ၊ ယျ ဟူ၍ အက္ခရာငါးလုံးမျှသာ ကျန်တော့သည်။

ဤဘဒ္ဒကပ်ကမ္ဘာတွင် ရှေးဦးစွာ ပွင့်ထွန်းသော ဘုရားရှင်များ၏ အမည်တော်မှာ ကကုသန္ဓဘုရားရှင် ဖြစ်သည်။ မြန်မာမှုအမည်ဖြင့် ကကုသန်ဘုရား ဖြစ်သည်။ တိုခြင်း၊ ကျဉ်းခြင်း၊ ပေါ့ပါးခြင်း၊ လွယ်ကူခြင်း

ကို ကြိုက်နှစ်သက်တတ်သော လူ့ဓလေ့ဝသီကြောင့် ကကုသန်မှ (သန်)ကို ချန်ထား၍ ကကုဖြစ်ရသည်။ အသံ၏ သဘာဝအရ အသံနှစ်ခုသည် သံတိုသံပေါ့ ဖြစ်နေပါက နှုတ်ဖြင့် မြွက်ကြားရာတွင် သံလေးသံရှည်သို့ ကူးပြောင်းတတ်ပါသည်။ သို့ဖြစ်၍ ကကုမှ ကက္ကူ (အသံထွက်မှာ ကတ်ကူ) သို့ ရွေ့လျောပြောင်းလဲခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် – ၁၂၅၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၅)ရက်နေ့တွင် ရေးထိုးသောခေါင်းလောင်းစာမှာ "ခေါင်းလောင်းလုပ်ပြု၊ ကြေးပေါင်းစုနှင့် သွန်းလောင်းပြုယူ၊ လှူလှတူ၍၊ ကက္ကူမွေတော် ဓါတ်မြတ်ကျော်ကို၊ ပူဇော်ဒါန၊ ဆက်သအလှူ " ဟူ၍ လွန်ခဲ့သောနှစ် ၁၀၇–ခုနှစ်က ခေါင်းလောင်းကမ္ပည်းစာတွင် ဤစေတီဘုရား၏ ဘွဲ့အမည်ကို " ကက္ကူမွေတော် ဓါတ်မြတ်ကျော် " ဟု ဂုဏ်ဖွင့်ရေးသားခဲ့သည်။

မြန်မာနိုင်ငံအတွင်း ကျော်စောထင်ရှားသော ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်မြတ်တွင် ရှေးနောင်တော်ဘုရားများ၏ အသုံးအဆောင်ဖြစ်သော (အမွေတော်ထိုက်သော) ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရား၏ ဓမ္မကရိဏ်ရေစစ်တော်၊ ကဿပဘုရားရှင်၏ ရေသနုပ်သင်္ကန်းတော်၊ ဂေါတမဘုရားရှင်၏ ဆံတော်များ ဌာပနာထားကြောင်း ရွှေတိဂုံသမိုင်းတွင် ပြဆိုထားသည်။

ဤကက္ကူစေတီစုတွင်မူ ဂေါတမဘုရားရှင်၏ ဓါတ်တော်မွေတော်ကို ဌာပနာထားသော်လည်း ဘုရားစေတီ၏ ဘွဲ့အမည်ကိုမူ နောင်တော် ကကုသန်ဘုရားရှင်၏ ဘွဲ့အမည်တော်ကိုယူ၍ 'ကက္ကူ'

ဟု အမည်မှည့်ထားခြင်း ဖြစ်သည်။ ဤဘဒ္ဒကပ်ကမ္ဘာတွင် ရှေးဦးစွာ ပွင့်ထွန်းသော အကြီးဆုံးဖြစ်သည့် နောင်တော် ကကုသန်ဘုရားရှင်အား ဂုဏ်ပြုပူဇော်လိုသောကြောင့်ဖြစ်သည်။

ဤကဏ္ဍုမွေတော်ဓါတ်မြတ်ကျော်ကို စတင်တည်ထား ကိုးကွယ်သည့် ပုဂ္ဂိုလ်များမှာလည်း လူအများ၏ အကျိုးစီးပွားအတွက် လူအများချမ်းသာရန်အတွက် သာသနာပြုရန် ဘုန်းကံပါရမီရှိသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဖြစ်သည့် ရှင်သောန နှင့် ရှင်ဥတ္တရ ရဟန္တာမထေရ်မြတ်တို့နှင့် စေတီပေါင်း(၈၄၀၀၀)ရှစ်သောင်းလေးထောင် တည်ထားကိုးကွယ်သော သာသနာပြုဒါယကာ သာသနာ့အမွေခံထိုက်သော ကေရာဇ်ဘုရင်မင်းမြတ် သီရိဓမ္မာသောကမင်းကြီးတို့ပင်ဖြစ်သည်။

တတိယသင်္ဂါယနာတင်ပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူကြသော ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ် ဦးစီးခေါင်းဆောင်သော ရဟန်းတော် အပါးပေါင်း (၁၀၀၀)တစ်ထောင် ပါဝင်သည့် သံဃာအဖွဲ့အစည်းတွင် ဈာန်အဘိညာဉ်ရ ရဟန္တာပုဂ္ဂိုလ်တို့၏ ရှေ့အနာဂတ်ကို မြော်မြင်နိုင်သည့် အနာဂတံသဉာဏ်အရာကို သာမန်ပုဂ္ဂိုလ်တို့ သိမြင်နားလည်နိုင်ရန် ခက်ခဲသည်။

ကိုးတိုင်းကိုးဌာန သာသနာပြုလုပ်ငန်းများတွင် သရီရ ဓါတ်မွေတော်များကို ဌာပနာသွင်းပြီး စေတီဘုရား တည်ထားကိုးကွယ်ခြင်း၊ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ သစ်ပင်ဖြစ်သည့် ညောင်ပင် မဟာဗောဓိပင်ကို စိုက်ပျိုးခြင်း၊ သာသနာပြုမည့် ရဟန္တာပုဂ္ဂိုလ်များကို ဒေသအသီးသီးသို့

F - 2 (A)

စေလွှတ်ခြင်း၊ ရေတွင်း ရေကန်ပေါင်း(၈၄၀၀၀)ရှစ်သောင်းလေးထောင်ကို တူးဖော်ခြင်း၊ ကျောင်းပေါင်း(၈၄၀၀၀)ရှစ်သောင်းလေးထောင်ကို ဆောက်လုပ်ခြင်းတို့ ပါဝင်ကြသည်။

ဤကက္ကူမွေတော်ဓါတ်မြတ်ကျော်စေတီစုတွင် သီရိဓမ္မာသောကမင်း၏ သာသနာပြုလုပ်ငန်းနှင့် ဆက်စပ်သည့် ထူးခြားသော အရာဖြစ်စဉ်(၆)ခြောက်ခုကို တွေ့မြင်ရသည်။

(၁) သရီရဓါတ်မွေတော်များကို ဌာပနာသွင်းပြီး တည်ထား ကိုးကွယ်သည့် စေတီဘုရား(ဓါတုစေတီ)ရှိခြင်း

(၂) ညောင်ပင်ယျငါးဖြာလေးသစ္စာကို ထိုးသွင်းသိမြင်ပြီး မာန်ငါးပါး အောင်မြင်ရာ အပရာဇိတပလ္လင်ပေါက်ရောက်ရာ မဟာဗောဓိ ပင်(ညောင်ပင်)ကို စိုက်ပျိုးထားရှိခြင်း(ပရိဘောဂစေတီ)

(၃) ရှင်သောန နှင့် ရှင်ဥတ္တရတို့ သမုတ်ထားသော ရှေးဟောင်း ရဟန္တာ သိမ်တော်တည်ရှိခြင်း။

(၄) ကျောင်းပေါင်း(၈၄၀၀၀)ရှစ်သောင်းလေးထောင်တွင် ပါဝင်သော ရှေးဟောင်းကျောင်းအထိမ်းအမှတ်အဖြစ် အဆောက်အဦများ ကြွင်းကျန်ခြင်းမရှိသော်လည်း ရှေးဟောင်းကျောင်းနေရာ တည်ရှိခြင်း။

(၅) ရေတွင်းပေါင်း(၈၄၀၀၀)ရှစ်သောင်းလေးထောင်တွင် ပါဝင်သော အထိမ်းအမှတ် ရေတွင်းရှိခြင်း။


(၆) ရေကန်ပေါင်း(၈၄၀၀၀)ရှစ်သောင်းလေးထောင်တွင် ပါဝင်သော

အထိမ်းအမှတ် ရေကန်ရှိခြင်း။

ဤအရာခြောက်မျိုးတို့ အခိုင်အမြဲထင်ရှားတည်ရှိခြင်း ဖြစ်သည်။

## ဓါတုစေတီ

မဂဓတိုင်း၊ ပါဋ္ဋလိပုတ်ပြည်တွင် မောရိယမင်းဆက်ဖြစ်သည့် အသောကမင်းသည် ဘီစီ(၂၆၈)တွင် ဒေဝါနံပိယတိဿဘွဲ့အမည်ဖြင့် ကမ္ဘာပေါ်တွင် အထင်ရှားဆုံးမင်းဖြစ်လာခဲ့သည်။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အား သံဃာ့နာယကအဖြစ်တင်မြှောက်ကာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး ဒါယကာအဖြစ်ခံယူ၍ တတိယသင်္ဂါယနာတင်ပွဲကို ကျင်းပခဲ့လေသည်။ ယင်းတတိယသင်္ဂါယနာတင်ပွဲကို ပါဋ္ဋလိပုတ်ပြည် အသောကာရာမကျောင်းတိုက်၌ ရဟန်းတော်ပေါင်း(၁၀၀၀)တစ်ထောင်ဖြင့် ကိုးလတိုင်တိုင် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သော ဓမ္မတရားတော်များကို (ဓမ္မစေတီ) စုပေါင်းရွတ်ဆိုသည့် သင်္ဂါယနာတင်ပွဲကို ပြုလုပ်ကျင်းပ ခဲ့သည်။ သင်္ဂါယနာတင်ပွဲပြီးဆုံးသောအခါ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ပြီး သာသနာပြုစေခဲ့လေသည်။



(၈) ရှေးဟောင်း သမိုင်းဝင် မွေတော်ကဏ္ဍဘုရား သမိုင်း

## အသောကမင်းတရားကြီး ကိုးတိုင်းကိုးဌာန သာသနာပြုစေခြင်း

| စဉ် | သာသနာပြုရဟန်းတော် | ကြွရောက်သောအရပ် | ယနေ့အခေါ်နေရာ |
|---|---|---|---|
| ၁။ | မဇ္ဈန္တိကမထေရ်နှင့်လေးပါး | ကသ္မီရဂန္ဓာရတိုင်း | ကသ္မီရမှာ ယခုအခါ ကသ္မီရပြည်နယ်နှင့် အာဖဂန်နစ်စတန်နိုင်ငံ ကဗူလ်းဒေသဖြစ်ပြီး ဂန္ဓာရတိုင်းမှာပန်ဂျပ်နယ် မြောက်ပိုင်းပက်ရှဝါနှင့် ရာဝါပင်ဒီ |
| ၂။ | မဟာဒေဝထေရ်နှင့်လေးပါး | မဟိံသမဏ္ဍလ | မိုက်ဆိုးပြည်နယ် |
| ၃။ | ရက္ခိတမထေရ်နှင့်လေးပါး | ဝနဝါသီတိုင်း | ကနဒနယ် |
| ၄။ | ယောနကဓမ္မရက္ခိတ | အပရန္တကတိုင်း | ယခုမြောက်ပိုင်းဂူဂျရတ်၊ ကတ္တိယ(ဝါ)ကပ်ချ်နှင့် သိန္ဓုနယ် |
| ၅။ | မဟာဓမ္မရက္ခိတထေရ်နှင့်အဖွဲ့ | မဟာရဋ္ဌတိုင်း | ဘုံဘေနယ် |
| ၆။ | မဟာရက္ခိတထေရ်နှင့်လေးပါး | ယောနကတိုင်း | ယခုဂရိပါသီယန် တူရကီနိုင်ငံ |
| ၇။ | မဇ္ဈိမထေရ်နှင့်လေးပါး | ဟိမဝန္တာ | ဟိမဝန္တာ |
| ၈။ | သောဏမထေရ်နှင့် ဥတ္တရမထေရ်အမှူးရှိသော အဖွဲ့ငါးပါး | သုဝဏ္ဏဘူမိ | မြန်မာ၊ ထိုင်းစသော အရှေ့တောင်အာရှဒေသ |
| ၉။ | မဟာမဟိန္ဒထေရ်နှင့်လေးပါး | လင်္ကာဒီပ | သီရိလင်္ကာနိုင်ငံ |

ဘုရင်အသောကမင်းတရားကြီးသည် ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီး သာသနာတော်(၂၁၈)သို့ ရောက်ရှိသောအခါ တတိယသင်္ဂါယနာတင်ပွဲ ပြီးဆုံးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စေတီပေါင်း (၈၄၀၀၀)ရှစ်သောင်းလေးထောင်ကို တစ်ပြိုင်နက်တည်း တည်ထားကိုးကွယ်လိုသော ဆန္ဒတော်ဖြစ်ခဲ့လေသည်။ သို့ဖြစ်၍ ရာဇဂြိုလ်၊ ဝေသာလီ၊ ကပိလ္လဝတ်၊ အလ္လကပ္ပ၊ ဝေဋ္ဌဒီပ၊ ပါဝါ၊ ကုသိနာရုံပြည်များရှိ စေတီတော်များကို တူးဖြိုစေ၍ ဓာတ်တော်များကို ရှာဖွေခဲ့သော်လည်း တွေ့ရှိခြင်း မရှိခဲ့ပါ။ တူးဖြိုထားသောစေတီတော်များကို မူလပကတိအတိုင်း ပြန်လည်တည်ထားစေတော်မူခဲ့လေသည်။ ထို့နောက် ရာဇဂြိုဟ်သို့ ပြန်လည် ကြွရောက်ကာ ပရိသတ်လေးပါး စုံညီစည်းဝေးပြီး ဓာတ်တော်များအကြောင်း စုံစမ်းမေးမြန်းရာတွင်မှ သက်တော်(၁၂၀)ရှိသော မထေရ်ကြီးတစ်ပါးက မိမိ(၇)နှစ်သားအရွယ် ငယ်စဉ်ကာလတွင် ငါ၏ဆရာမထေရ်ကြီးနှင့်အတူ ပန်းတောင်းကိုကိုင်ကာ ကျောက်စေတီတစ်ဆူကိုသွားရောက် ဖူးမြော်ပူဇော်ခဲ့ဘူးကြောင်း မိန့်ကြားခဲ့သည်။ ထိုနေရာကိုစုံစမ်းပြီး မင်းကြီးက သွားရောက်တူးဖော်သည့်အခါ ရှင်မဟာကဿပနှင့်ဘုရင်အဇာတသတ်တို့ အဓိဋ္ဌာန်ပြုပြီး တည်ထားသော ဓာတ်တော်သိုက်ကို တွေ့ရလေသည်။

သီရိဓမ္မာသောကမင်းကြီးသည် ထိုဓာတ်တော်များကို ကောင်းမွန်စွာရရှိ၍ ကိုးတိုင်းကိုးဌာန သာသနာပြုရာဒေသအသီးသီးသို့ စေတီပေါင်း (၈၄၀၀၀)ရှစ်သောင်းလေးထောင်ကို တည်ထားကိုးကွယ်စေခဲ့ခြင်း ဖြစ်သည်။

F - 2 (B)

ဤကက္ကူမွေတော်ဓာတ်မြတ်ကျော်စေတီသည်လည်း သီရိဓမ္မာသောကမင်းကြီး၏ စေတီပေါင်း(၈၄၀၀၀) ရှစ်သောင်းလေးထောင်တွင် အကျုံးဝင်စေတီတစ်ဆူဖြစ်ကြောင်း ကမ္ပည်းစာများအရ သိရသည်။

လွန်ခဲ့သော နှစ်(၂၀၇)အကြာ မြန်မာသက္ကရာဇ် ၁၁၅၅–ခုနှစ်၊ ခရစ်နှစ် ၁၇၉၃–ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီး ကြီးမှူးလျက်သွန်းလောင်းခဲ့ရာ ခေါင်းလောင်းစာတွင်–

**ရမ္မာသခင်၊ အရှင်စံရာ**
**ဝတီသာသို့၊ ညောင်ရွှေမြို့၏**
**ခွန်ပို့သွင်းဆက်၊ ကျေးလက်ဂါမာ**
**ဒဏ္ဍကာဝယ်**
**သညာတွင်မှု၊ ကက္ကူရွာကြီး**
**ပတ်စီးတောင်စဉ်၊ ရေယာဉ်နကြည်**
**ဦးချီတိုက်ရာ၊ တောင်ကုန်းသာထက်**
**ဓမ္မသောက၊ မင်းလှအလောင်း**
**ရှစ်သောင်းလေးထောင်**
**တည်ဆောင်ကိုယ်စား**
**မြတ်ဘုရား၏**
**ဆက်ပွားစေတီ**
**မြတ်သရီကို**

ဤသို့စာပေမှတ်တမ်းဖြင့် ဂုဏ်ဖွင့်ရေးသားပူဇော်ခဲ့လေသည်

## ပရိဘောဂစေတီ

သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရား၏ သရီရဓါတ် မွေတော်များကို စေတီဘုရား (ဓာတုစေတီ) ကိုးကွယ် တည်ထားစေ သကဲ့သို့ပင် ညေယျငါးဖြာ လေးသစ္စာနှင့် မာရ်ငါးပါးကို အောင်မြင်ရာ အပရာဇိတပလ္လင်ပေါက်ရောက်ရာ မဟာဗောဓိညောင်ပင်ကြီးကိုလည်း သာသနာပြုရာဒေသဌာနတိုင်းသို့ (ပရိဘောဂစေတီ) စေတီအဖြစ် စိုက်ပျိုး ပူဇော်ခဲ့လေသည်။

သီရိဓမ္မာသောကမင်းတရားကြီးသည် ဗုဒ္ဓဘုရားရှင်အား ရည်စူး၍ မဟာဗောဓိပင် ပူဇော်ပွဲ ကျင်းပလေ့ရှိသည်။ ကိုးတိုင်းကိုးဌာန သာသနာ ပြုရာ လင်္ကာဒီပ(သီဟိုဠ်ကျွန်း) သီရိလင်္ကာနိုင်ငံမှာလည်း မဟာဗောဓိပင် ပူဇော်ပွဲကျင်းပနိုင်ရန် လင်္ကာဒီပတွင် သာသနာပြုနေသော ရှင်မဟိန္ဒ မထေရ်မြတ်က (အသောကမင်းတရားကြီး၏ သားတော်ရဟန်း) ခမည်း တော် အသောကမင်းတရားကြီးအား မဟာဗောဓိပင်၏ လက်ျာတောင် ကိုင်း (ဒက္ခိဏသာခါ)ကို ပင့်ဆောင်ပူဇော်ခွင့်ပြုပါရန် မိန့်တော်မူသည်။

## ပါဋလိပုတ်ပြည် တာမလိတ္တိဆိပ်ကမ်းမှ

အသောကမင်းတရားကြီးသည် ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿအရှင်မြတ်နှင့် သံဃာတော်တို့အား တိုင်ပင်ပြီး မဟာဗောဓိပင် လက်ျာတောင်ကိုင်း (ဒက္ခိဏသာခါ)ကို အခမ်းအနားကြီးစွာ စီမံပြီးလျှင်

အသောကမင်းတရားကြီး၏ သမီးတော် သံဃမိတ္တာထေရီမနှင့် ထေရီရဟန်းမ(၁၁)ဦး၊ အရိဋ္ဌအမတ်တို့ပါဝင်သော မဟာဗောဓိပင် ပင့်ဆောင်ပူဇော်ရေးအဖွဲ့ဖြင့် ပင့်ဆောင်တော်မူလေသည်။ ပါဋလိပုတ်ပြည် ဂင်္ဂါမြစ်မှ ရေကြောင်းအခမ်းအနားဖြင့် ထွက်ခွာခဲ့ရာ တာမလိတ္တိသင်္ဘောဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။ ထိုဆိပ်ကမ်းမှ လင်္ကာဒီပ(သီဟိုဠ်ကျွန်း) သီရိလင်္ကာနိုင်ငံသို့ ပူဇော်ပင့်ဆောင်ရန်ဖြစ်သည်။ ဤဆိပ်ကမ်း၌ (၇)ရက်ပတ်လုံး အသောကမင်းကြီးသည် မဟာဗောဓိပင်အား ကြီးကျယ်ခမ်းနားစွာ ဖူးမြင်ပူဇော်သည်။ ပါဋလိပုတ်တာမလိတ္တိဆိပ်ကမ်းမှ ပို့ဆောင်သည့်အခါ အသောကမင်းတရားကြီးသည် ဗုဒ္ဓဘုရားရှင်ကို အလွန်တရာကြည်ညိုစွာသော သဒ္ဓါတရားဖြင့် ရေသို့သက်ဆင်း၍ လည်ပင်းထိ ရေမြုပ်သည့်တိုင် လိုက်လံပို့ဆောင်တော်မူသည်။

## သီဟိုဠ်ကျွန်း ဇမ္ဗုကောလဆိပ်ကမ်းသို့

မဟာဗောဓိပင်သည်လည်း သီဟိုဠ်ကျွန်း ဇမ္ဗုကောလဆိပ်ကမ်းသို့ အောင်မြင်စွာ ဆိုက်ရောက်တော်မူလာခဲ့လေပြီ။ သီဟိုဠ်ကျွန်းနိုင်ငံကို အစိုးရသော ဒေဝါနံပိယတိဿမင်းကြီးသည်လည်း အနုရာဓမြို့တော်မှ ဇမ္ဗုကောလဆိပ်ကမ်းအထိ လမ်းခရီးကို အဆင်တန်ဆာပြင်ဆင်ထားလျက် မဟာဗောဓိပင်ကို ငံ့လင့်ကြိုဆိုလေသည်။ မဟာဗောဓိပင် ဆိုက်ရောက်သည့်အခါ သီဟိုဠ်ကျွန်းဘုရင် ဒေဝါနံပိယတိဿမင်းကြီးသည် ဆိပ်ကမ်းသို့ သက်ဆင်း၍ လည်ပင်းထိ ရေမြုပ်သည့်တိုင်အောင်

ခရီးဦးကြိုဆို ပင့်ဆောင်ပူဇော်လေသည်။ မဟာဗောဓိပင်အား တိုင်းသူပြည်သားနှင့်တကွ အကြိမ်ကြိမ်ပူဇော်ကန်တော့ပြီးနောက် ထူပါရုံစေတီ၏အနောက်ဘက် မဟာမေဃဝန်ဥယျာဉ်အတွင်း၌ စိုက်ပျိုးတည်ထားလေသည်။

ဤကက္ကူမွေတော် ဓါတ်မြတ်ကျော်စေတီစု၌လည်း ဗုဒ္ဓဘုရားရှင် ပွင့်တော်မူရာ ညောင်ပင်၊ သမ္မာသမ္ဗောဓိဉာဏ် သဗ္ဗညုတဉာဏ် ရရှိအောင် မြင်တော်မူရာ မဟာဗောဓိပင်မှ မူလအဆက်အနွယ်မပျက် ဆက်လက်ထိန်းသိမ်းစိုက်ပျိုးလာခဲ့သော ဗောဓိညောင်ပင်ကို ယခုတိုင် တွေ့မြင်နိုင်သည်။ ဤကက္ကူအရပ်ဒေသတွင် ပေါက်ရောက်ကြသော ညောင်ပင်မျိုးအများအပြားရှိပါသည်။ ကက္ကူမွေတော်ဓါတ်မြတ်ကျော်မှာရှိသော ဗောဓိညောင်ပင်မှာ ဒေသပေါက်ညောင်ပင်နှင့်မတူ ဝိသေသထူး၍ ခြားနားသည်။ ဗောဓိညောင်ပင်မှာ ညှာတံနှင့်အရွက်ဖျားမှာ ရှည်လျား၍ သွယ်သွယ်ရှိသည်။ရင့်ရော်လာသည့်အခါ အရွက်မှာ ရွှေဝါရောင်သန်းလျက်ရှိသည်။ ဒေသပေါက်ညောင်ပင်မှာ ဤထူးခြားမှုများ မရှိပါ။

## ရဟန္တာသိမ်တော်

လူ့လောကတွင် ပစ္စုပ္ပန်နှင့်သံသရာ နှစ်ဖြာသော စီးပွားချမ်းသာအတွက် ဗုဒ္ဓသာသနာတော် အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲဖို့ လိုအပ်သည်။ သာသနာပြုလုပ်ငန်းမှာ သံဃာတော်များသည် ဦးစီးဦးဆောင်များဖြစ်ကြပါသည်။ ရဟန်းသံဃာတော်များ စဉ်ဆက်မပြတ်တည်ရှိနေရန် ဥပသမ္ပဒ

ကံဆောင် ရဟန်းခံရာသိမ်သည် မရှိမဖြစ် အရေးကြီးလှပေသည်။ သိမ် မရှိပါက ရဟန်းခံ ဉပသမ္ပဒကံမြောက်နိုင်ခြင်း မရှိသောကြောင့် ရဟန်း သံဃာ ပြတ်လပ်သွားနိုင်ပါသည်။ ဦးဆောင်ရဟန်းသံဃာကင်းမဲ့ခဲ့ပါလျှင် ဗုဒ္ဓသာသနာတော်သည်လည်း လူ့လောကမှ ကွယ်ပျောက်သွားနိုင်သည်။ ဤအနာဂတ်အရေးကို မြော်တွေး၍ မဇ္ဈိမဒေသမှတစ်ပါး အခြားသော အစွန်းအဖျားကျသည့် ပစ္စန္တရာဇ်အရပ်ဒေသမှာ သိမ်သမုတ်ခြင်းစသော သံဃကံများ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ရန် တတိယ သင်္ဂါယနာတင်အပြီး ကိုးတိုင်းကိုးဌာန သာသနာပြုရာမှ ရှင်မဟာမောဂ္ဂလိ ပုတ္တသိဿမထေရ်နှင့် အသောကမင်းတရားကြီးတို့က သုဝဏ္ဏဘူမိသို့ သောဏမထေရ်နှင့် ဥတ္တရမထေရ်အမှူးရှိသော သံဃအဖွဲ့ငါးပါးကို အမြော်အမြင်ကြီးမားစွာ စေလွှတ်တော်မူခဲ့ခြင်းဖြစ်သည်။ သံဃာငါးပါး ရှိသောအဖွဲ့ကို စေလွှတ်ခြင်းမှာလည်း အစွန်အဖျားကျသော ပစ္စန္တရာဇ် အရပ်ဒေသတွင် အဖွဲ့ဝင်ငါးပါးရှိမှသာ သံဃကိစ္စအဝဝ၊ သံဃကံကို ဆောင်ရွက်နိုင်သောကြောင့်ဖြစ်သည်။ ထိုရဟန္တာအရှင်မြတ်များ သမုတ် တည်ထားသော ရဟန္တာသိမ်တော် ကက္ကူမွေတော်ဓာတ်မြတ်ကျော် စေတီစုအနီး မြောက်အရပ်တွင် ယခုတိုင် အခိုင်အမြဲ ရှိနေပါသည်။

## ရွှေဝက်ကူးဘုရား

ကက္ကူမွေတော်ဓါတ်မြတ်ကျော်စေတီ၏ အနောက်ဘက် မနီးမဝေးလှသောအရပ်တွင် တောဝက်များ ကျက်စားနေထိုင်သော

တောအုပ်ဂနိုင် တစ်ခုရှိသည်။ ဤတောအုပ်ဂနိုင်မှ အမွေးအမျှင်များ၊ အသားအရေများ ရွှေရောင်တောက်နေသော အကြီးအကဲဝက်မင်း တစ်ကောင်သည် ညအချိန်တွင် စေတီဘုရားရှိရာသို့ ကူးသန်းလာပြီး နှစ်ပရိစ္ဆေဒများစွာ ကြာညောင်း၍ ခြတောင်ပို့များ ဖုံးလွှမ်းကာ မြေကြီးထဲတွင် နှစ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်းရွှေစေတီအား မိမိ၏ အစွယ်နှင့် ခြေလက်များဖြင့် မြေကြီးများကို ယက်၍ ဖယ်ထုတ်ကာ စေတီတစ်ဆူ ပေါ်ထွက်လာခဲ့သည်။ နေ့ရက်များစွာ ရွှေဝက်ကူး၍ လာရောက်သောကြောင့် ဤစေတီကို "ရွှေဝက်ကူး စေတီဘုရား" ဟု နရပတိစည်သူသမိုင်းတွင် ရေးသားဖော်ပြထားသည်။ ရွှေဝက်များ ကျက်စားနေထိုင်ရာ တောအုပ်ဂနိုင်သည် ယခုအခါ လူနေရွာ၏ နာမည်ဖြစ်လျက် "တန့်ခြင်ထော့ရွာ" ဟု ထင်ကျန်လျက်ရှိသည်။

## ရွှေဝက်ဂူဘုရား

ဤကက္ကူမွေတော်ဓါတ်မြတ်ကျော်စေတီ တည်ရှိရာနေရာတွင် ရွှေဝက်များနေထိုင်သော ဂူရှိလေသည်။ ဂူမှာရှိသော ရွှေဝက်သည် ညအခါ စေတီဘုရားအားစောင့်ရှောက်လေ့ရှိသည်။ ရွှေဝက်၏ ကြည့်ရှုစောင့်ရှောက်မှုကြောင့် စေတီဘုရားကို ဖျက်ဆီးမည့်လူဆိုးများ မကောင်းသောလူများ၊ ရွှေဝက်ကို ကြောက်ရွံ့၍ ဘုရားအနီးသို့ မကပ်ရဲပေ။ ဤသို့ ရွှေဝက်များ နေထိုင်သော ဂူအနီးတွင်ရှိသဖြင့် ရွှေဝက်ဂူဘုရားဟုလည်း ခေါ်ဆိုကြကြောင်း ရှေးဟောင်းပအိုဝ်းပုရပိုက်စာတွင် ရေးသားဖော်ပြခဲ့သည်။

## ဝက်မင်းနန်းတော်

ဤကက္ကူမွေတော်ဓာတ်မြတ်ကျော်စေတီအား လိမ္မာသော ရွှေဝက်များကပင် တိရစ္ဆာန်ဘဝနှင့်မမျှအောင် ထိန်းသိမ်းစောင့်ရှောက် လိုသော စေတနာသဒ္ဓါတရားနိုးကြား၍ တန်ခိုးကြီးစေတီဘုရားဖြစ်ခဲ့သည်။ အကြီးအကဲဖြစ်သော ရွှေဝက်များ၏ ကျေးဇူးတရားကို သိမြင်၍ လူတို့က စေတီဘုရားအနီးတွင် နေရာပေး၍ ဝက်မင်းစံရာ နေအိမ်ကို တည်ဆောက် ပြီး ထားပေးသည်။ စေတီအား ကပ်လှူပြီးသော ဆွမ်းတော်စာများ ကိုလည်း ဝက်မင်း စားသောက်နိုင်ရန် ဝက်မင်းစံရာနေအိမ်တွင် စွန့်ပစ်ပေး ကြသည်။ စေတီဘုရားကို အမှီပြု၍ ရွှေဝက်များသည် စေတီဘုရားမှ စွန့်ပစ်ထားသော ဆွမ်းတော်စာဖြင့် အစာအာဟာရမျှတပြီး ပျော်ရွှင်စွာ နေထိုင်ကျက်စားကြသည်။

ဝက်မင်းမရှိသည့်နောက်ပိုင်းတွင်လည်း ရွှေဝက်မင်းရုပ်ထု ပြုလုပ် ပြီး တည်ထားရသည်။ ဘုရားမှစွန့်ပစ်သော ဆွမ်းတော်စာများကိုလည်း ပြုမြဲတိုင်းပြုလုပ်၍ ရွှေဝက်စာကျွေးကြသည်။ စားနိုင်သည့် ရွှေဝက်တို့ မရှိတော့၍ စွန့်ပစ်ထားသော ဆွမ်းတော်စာများမှာ ပုပ်သိုးပျက်စီးပြီး မကောင်းသော အနံ့အသက် အညစ်အကြေးများဖြစ်သွားကာ စေတီဘုရား နှင့် မသင့်လျော်တော့ချေ။ သို့ဖြစ်၍ ဝက်မင်းစံအိမ်နေရာနှင့် ရွှေဝက် ရုပ်ထုကို ဖျက်ဆီးကာ မထားရှိတော့ဘဲနေခဲ့ကြသည်။ ထိုအချိန်မှစ၍ တစ်နှစ် (၂)ကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပပြုလုပ်တိုင်း ပွဲတော်မှာ

အေးချမ်းတည်ငြိမ်ခြင်းမရှိဘဲ တစ်စုံတစ်ရာကို ထိတ်လန့်စိုးရိမ်မှုများ ရှိနေခဲ့ကြသည်။ အချို့သော လူကြီးသူမတို့၏ တင်ပြချက်အရ ဝက်မင်းနန်းတော်နှင့် ရွှေဝက်ရုပ်ထုကို ပြန်လည်တည်ထားသည့်အခါမှသာ ပွဲတော်မှာ ထိတ်လန့်စိုးရိမ်မှုကင်းပြီး ပြန်လည်စည်ကား၍ အေးချမ်းတည်ငြိမ်ပျော်မွေ့နိုင်ခဲ့ကြသည်။

## သက်တူဘုရား

ခရစ်နှစ် ( ၁၈၁၆ ) ခုနှစ်တွင် ရေးကူးသော အမည်မသိကျမ်းပြုဆရာတစ်ဦးရေးသားသည့် နရပတိစည်သူသမိုင်းစာပေတွင် ကက္ကူဘုရားသမိုင်းအကြောင်း ပါဝင်သည်။

ခရစ်နှစ် (အေဒီ ၁၁၇၄–၁၂၁၁)တွင် စိုးစံသော ပုဂံမင်းဆက်များ အနက်မှ နရပတိစည်သူမင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆည်မြောင်း၊ ချောင်းကန်များ တည်ဆောက်ခြင်း၊ သာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် စေတီဘုရား၊ ကျောင်းကန်၊ သိမ်၊ ဂူဘုရားများကို တည်ထားကိုးကွယ်ခြင်းတို့ကို ဆောင်ရွက်တော်မူသဖြင့် ထင်ရှားသော မင်းတစ်ပါးဖြစ်သည်။

F - 3 (B)

နိုင်ငံတော်အတွင်း သိင်္ဂနက်ဖောင်တော်ဖြင့် တိုင်းခမ်းလှည့်လည် ရာမှ နရပတိစည်သူမင်းကြီးသည် တဘက်ချောင်းသို့ရောက်ရှိလာပြီး သာယာမွေ့လျော်ဖွယ်ရှိသော ချောင်းနားကုန်းထိပ်ကို မြင်တော်မူလျှင်

စေတီဘုရား တည်ထားကိုးကွယ်လိုသော ဆန္ဒဖြစ်ပေါ်လာ၍ ဖောင်တော်ကို ဆိုက်ကပ်စေပြီးလျှင် ဌာပနာတိုက်ကို သံတောင်လေးဆယ့်ငါးတောင် အစောက်တူးစေပြီးမှ ရတနာကျောက်မျိုး သုံးဆယ့်ခြောက်ပြည်၊ ဓါတ်တော်၊ မွေတော်နှင့်တကွ ဌာပနာသွင်းတော်မူသည်။ တစ်ဆယ့်နှစ်တောင် အမြင့်ရှိသော ကြီးစွာသောကျောက်ဖြာကိုယူ၍ လုံခြုံစွာ ဌာပနာတိုက်ကို ပိတ်ဖုံးစေသည်။ ထို့နောက် သံတောင် ခြောက်တောင်နှစ်မိုက်နှစ်သစ် ဥဏ်တော်ပမာဏရှိ စေတီဘုရားကို တည်ထားတော်မူခဲ့သည်။ ဤမည်သော စေတီမြတ်သည်ကား ငါ၏အသက်နှင့်အတူပင် ဖြစ်တော့သည်ဟု နရပတိစည်သူမင်းကြီး မိန့်ဆိုသောစကားကိုလိုက်၍ 'သက်တူမြတ်စွာဘုရား' ဟူ၍ အမည်တော်ကို သမုတ်ပညတ်ထားတော်မူခဲ့လေသည်။ တပေါင်းလဆန်း တစ်ဆယ့်လေးရက်နေ့ တည်၍ ပြီးစီးတော်မူသည်။ ၎င်းလပြည့်ကျော် ငါးရက်နေ့တွင် ထီးတော်တင်တော်မူသည်။

နရပတိစည်သူမင်းကြီး တည်ထားတော်မူပြီးသည့်နောက် အနှစ်တစ်ဆယ့်ခုနှစ်ရောက်လျှင် ဇမ္ဗူရာဇ်ရွှေစင်အဆင်းနှင့်တူသော ရောင်ခြည်တော်မြတ် ပြတော်မူသောကြောင့် ဘုန်းပညာရှိသော ယောက်ျားမြတ်တို့ တွေ့မြင်ဖူးမြော်ရသောကြောင့် နောက်ထပ်တည်ထားတော်မူခဲ့ပြန်သည်။

ညဉ့်အခါတွင် ရွှေဝက်ကူးလာသောကြောင့် ရွှေဝက်ကူးဘုရား ဟူ၍ နောင်တွင်သမုတ်တော်မူပြန်သည်။

ထိုနောက် နရပတိစည်သူမင်းသည် ဖေါင်တော်တစ်သိန်းသား နှင့်အတူ ဆန်တက်တော်မူလေသော် လင်းလင်းရှိရာအရပ်သို့ ရောက်တော်မူပြီးမှ နောက်သို့ပြန်၍ လှည့်ကြည့်တော်မူလျှင် ငါ၏ သက်တူမြတ်စွာဘုရားသည်ကား နောက်မှာကျန်ရစ်ခဲ့လေပြီ၊ ငါသည် လွန်၍ရောက်သွားလေပြီဟု မင်းကြီးဆိုသောစကားကိုလိုက်၍ နောက်လွန် အရပ်ဟူ၍ သမုတ်တော်မူခဲ့သည်။ ယခုအခါ ရှမ်းဘာသာဖြင့် ပင်လွန်ဟူ၍ တွင်လေသည်ဟု နရပတိစည်သူသမိုင်းတွင် မွေတော်ကက္ကူဘုရားနှင့်စပ်၍ ရေးသားဖော်ပြထားသည်။

## ရွှေဂူ၊ ရွှေဂူကြီးဘုရား

ကက္ကူစေတီရှိ ခေါင်းလောင်းများ၏ ကမ္ဗည်းစာတို့တွင် သက္ကရာဇ် အထင်အရှားပါသော ၁၁၅၅–ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်၊ ကြာသ ပတေးနေ့တွင် ရေးထိုးသော ခေါင်းလောင်းစာမှာပါရှိသော စေတီဘုရား၏ အမည်မှာ ရွှေဂူနှင့် ရွှေဂူကြီးဘုရားဖြစ်သည်။

**ကောင်းမွန်လှစွာ ၊ မြတ်ဗုဒ္ဓါ၏**

**သာသနာတော် ၊ ထင်ပေါ်ညီးညီး**

**ရွှေဂူကြီးတွင်**

**လှူရှင်အများ ၊ ကြားရသဒ္ဒါ**

**ဖြစ်စိမ့်ငှာ** --- ဟု လည်းကောင်း

**ဆရာတကာ ၊ ပါဝင်ဆုဆောင်း**
**ထပ်လောင်းကြည်စွ**
**စိတ်ကရည်ရော်**
**နှစ်ရာပေါ်တွင်၊ ကျော်သည်ရှစ်ဆယ်**
**ချိန်တွယ်မှန်စွာ**
**ကြေးလောဟာနှင့်**
**ဇိနှာချစ်ရှင်**
**ရွှေငှတွင်၌**
**သံရှင်ခေါင်းလောင်း**
**စုပေါင်းလက်ခ**
**ပေးကြသွန်းပြု**
**ကောင်းမှုဂုဏ်အင်** ...... ဟူ၍ လည်းကောင်း

ညောင်ရွှေစော်ဘွားကြီး ကြီးမှူးလျက် သွန်းလောင်းသော ခေါင်းလောင်းစာတွင် ကမ္ပည်းထိုး မှတ်တမ်းတင်ထားလေသည်။

သက္ကရာဇ် ၁၁၅၅–ခုနှစ် ၊ နတ်တော်လဆန်း (၁)ရက်၊ ၁၇၉၃–ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက် နေ့စွဲဖြင့် ကမ္ပည်းစာရေးထိုးထားသော ထိုခေါင်းလောင်းသည် ၁၉၉၉–ခုနှစ်တွင် နှစ်ပေါင်း (၂၀၆) နှစ် ကြာခဲ့လေပြီ။

## တည်နေရာ

ကက္ကူမွေတော် ဓါတ်မြတ်ကျော်စေတီဘုရားသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့နယ်၊ နောင်ခဲ့င်းကျေးရွာအုပ်စု၊ မွေတော်ကျေးရွာအနီးတွင် တည်ရှိသည်။

ဤကက္ကူမွေတော် ဓာတ်မြတ်ကျော်စေတီ တည်ရှိရာနေရာသည် လွန်ခဲ့သောနှစ်ပေါင်းများစွာက သာသနာပြုလုပ်ငန်းများကို စုပေါင်းလုပ်ကိုင်နေကြသည့် ဓမ္မဂမ္ဘီရပုဂ္ဂိုလ်ထူးကြီးများ၊ ထွက်ရပ်ပေါက်လောကီလမ်းကို ရှာဖွေနေကြသည့် လောကီဝိဇ္ဇာခိုရ် ပုဂ္ဂိုလ်ကြီးများ၊ သူတော်စင်ယောဂီပုဂ္ဂိုလ်ထူးများ စုစည်းကိန်းအောင်း မွေလျော်ရာဒေသအရပ်ဖြစ်သည်ဟုဆိုကြလေသည်။

## ကိုးကွယ်တည်ထားမှု

ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ကာလတွင်တိုင်းနိုင်ငံကို စိုးစံအုပ်ချုပ်နေကြသော မင်းစိုးရာဇာများ တန်ခိုးအာဏာနှင့်ပြည့်စုံသော ပုရောဟိတ်ပုဏ္ဏားကြီးများ၊ ကုဋေများစွာ ချမ်းသာကြွယ်ဝကြသော ကုန်သည်သူဋ္ဌေးကြီးများ၊ နာမည်ကျော်ကြားသည့်လူစွမ်းကောင်း စစ်သူကြီးများ၊ ပညာတတ်သည့်လူတန်းစားများ၊ တောင်သူလယ်သမား ဆင်းရဲသားများ၊ အလွှာစုံလူတန်းစားစုံ လူမျိုးမရွေး ဗုဒ္ဓဘုရားရှင်အား ကိုးကွယ်ဆည်းကပ်ကြသည်။ ကိုးကွယ်ဆည်းကပ်

F - 4 (A)

ပူဇော်ကြသော လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့သည် အကျိုးစီးပွား ချမ်းသာတို့ကို မိမိတို့ စေတနာသဒ္ဓါတရား အသိဉာဏ်ပါရမီ အတိုင်း အတာအားလျော်စွာ အသီးသီး ကိုယ်စီကိုယ်င ရရှိခံစားကြလေသည်။

သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈–ခုနှစ် (ဘီစီ–၆၂၃)၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် လုမ္ဗနီအင်ကြင်းဥယျာဉ်၌ ဖွားမြင်တော်မူခဲ့သည်။ သက်တော် (၂၉)နှစ် ရှိသည့်အခါ တောထွက် တော်မူ၍ ဒုက္ကရစရိယ (၆)နှစ် ကျင့်သုံးပြီး သက်တော်(၃၅)နှစ်တွင် ဂေါတမဘုရား ဖြစ်တော်မူခဲ့သည်။ (၄၅) ဝါ ကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါတို့အား ဓမ္မဒေသနာတော် ဟောကြား၍ သာသနာပြုတော်မူခဲ့ လေသည်။ သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါ ရှိတော်မူသည့်အခါ မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ (ဘီစီ–၅၄၃)၊ ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။

ဂေါတမဗုဒ္ဓပွင့်တော်မူခဲ့သောကာလတွင် လူတို့၏ သက်တမ်း သည် အနှစ်(၁၀၀)တမ်းမှာ ရှိလေသည်။ အခြားသော ဘုရားရှင်တို့မှာ သက်တမ်းရှည်သောကာလတွင် ပွင့်တော်မူကြ၏။ ဤဘဒ္ဒကမ္ဘာတွင် အနှစ်လေးသောင်းတမ်း၌ ကကုသန်မြတ်စွာဘုရား ပွင့်တော်မူခဲ့သည်။ ငါတို့၏ ဂေါတမမြတ်စွာဘုရားမှာ လူတို့၏ အသက်တစ်ရာတမ်း ရောက်ရှိသည့်အခါမှသာ ပွင့်တော်မူရသည်။

ဤလောက၌ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည်

သက်တမ်းကုန်ဆုံး၍ ခန္ဓပရိနိဗ္ဗာန်ဝင်စံတော်မူသည့်အခါ ရူပကာယတော် ရုပ်ခန္ဓာကိုယ်သည် တေဇောဓာတ် မီးလောင်ကျွမ်း၍ အဆုံးစွန်သော ရုပ်ဓာတ်အဖြစ် 'ဓာတ်တော်များ' ကြွင်းကျန်ရစ်ခဲ့ပြီး လူတို့၏ ကိုးကွယ် ပူဇော်ရာ ဓာတုစေတီများအဖြစ် တည်ရှိကြလေသည်။

## အသမ္ဘိန္နဓာတ်တော်

ဘုရားရှင်တို့၏ ဓာတ်တော်တို့တွင်လည်း သက်တော်ရှည် သော ဘုရားရှင်တို့၏ ဓာတ်တော်များသည် ရွှေတုံးကြီးကဲ့သို့ မကွဲမပြား တစ်စုတစ်ခဲတည်း ကြွင်းကျန်တည်နေကြကုန်၏။

## သမ္ဘိန္နဓာတ်တော်

သက်တမ်းတိုသောကာလတွင် ပွင့်တော်မူသော ဂေါတမ ဘုရားရှင်၏ ဓာတ်တော်များကား လူနတ်ဗြဟ္မာသတ္တဝါတို့သည် အရှည်သဖြင့် နေရာဒေသအနှံ့ပြား ကိုးကွယ်ပူဇော်နိုင်ကြစေရန် အဓိဋ္ဌာန် ပြုတော်မူခဲ့သည့်အတိုင်း အစိတ်စိတ်အမွှာမွှာ ကွဲပြား၍ တည်ရှိသော သမ္ဘိန္နဓါတ်တော်များ ကြွင်းကျန်ရစ်ကုန်၏။

ဂေါတမဘုရားရှင်၏ ဓါတ်တော်တို့တွင် စွယ်တော် လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူအားဖြင့် (၇)ပါးကုန်သော ဓာတ်တော်တို့သည် မပြိုမကွဲတစ်စုတစ်ခဲတည်း တည်ရှိသော အသမ္ဘိန္နဓာတ်တော်တို့ ဖြစ်ကြကုန်။ ဤ(၇)ပါးမှ ကြွင်းသော

ဓာတ်တော်တို့သည်ကား အစိတ်စိတ်ကွဲပြား၍ တည်ရှိသော သမ္ဘိန္န ဓါတ်တော်တို့ ဖြစ်ကြလေသည်။

## ဓာတ်တော်တို့၏ အရွယ်အဆင်းနှင့် ပမာဏ

ဓာတ်တော်တို့သည် အရွယ်အားဖြင့် အငယ်ဆုံးမုန်ညှင်းစေ့ ခန့်ရှိ၏။ အလတ်စား ဆန်ကျိုးပိုင်းခန့် ရှိကုန်၏။ အကြီးဆုံး ပဲနောက်စေ့ တစ်ခြမ်းခန့် ရှိကုန်၏။ အဆင်းအားဖြင့် အငယ်ဆုံး မြတ်လေးငုံ အဆင်း၊ အလတ်စား ပုလဲအဆင်း၊ အကြီးဆုံး ရွှေအဆင်း ရှိကုန်၏။ အကြီးစားဓာတ်တော် (၅)ကွမ်းစားမျှ အတိုင်းအရှည် ရှိသည်။ အငယ်ဆုံး (၆)ကွမ်းစားမျှ အတိုင်းအရှည် ရှိသည်။ ဤသို့လျှင် ကြီး၊ လတ်၊ ငယ်၊ အရွယ်သုံးစား၊ သုံးပါးအဆင်း၊ မယွင်းကွမ်းစား၊ အချင်အားဖြင့် (၁၆)ကွမ်းစားမျှ ရှိကုန်၏။

## ဓာတ်တော်ဝေပွဲကြီး

ရာဇဂြိုဟ်ပြည်မှ အဇာတသတ်မင်း၊ ဝေသာလီပြည်မှ လိစ္ဆဝီမင်း၊ ကပိလဝတ်ပြည်မှ သာကီဝင်မင်း၊ အလ္လာကပ္ပပြည်မှ ဗုလမင်း၊ ရာမရွာမှ ကောလိယမင်း၊ ဝေဌဒီပမှ ပုဏ္ဏား၊ ပါဝါပြည်မှ မလ္လာမင်းတို့သည် ဗုဒ္ဓရှင်တော်ဘုရား ခန္ဓပရိနိဗ္ဗာန်ဝင်စံတော်မူလေပြီဟု ကြားသိကုန်လျှင် ကုသိနာရုံပြည် မလ္လာမင်းထံသို့ ချီတက်ဝန်းရံကြကုန်၏။ ဗုဒ္ဓဘာသာဝင်

ခုနစ်ပြည်ထောင်မင်းတို့သည် ကုသိနာရုံ မလ္လာမင်းအားအရေးဆိုကြသည်မှာ ကုသိနာရုံပြည် မလ္လာမင်းတို့ထံမှ ဓာတ်တော်များကို အလွယ်တကူနှင့် ရလျှင်ရစေ၊ မရလျှင် တပ်တော်နှင့်စစ်ခင်း၍ အတင်းအကျပ် တိုက်ခိုက် ယူကြမည်ဟု အရေးဆိုကြလေသည်။

နောက်ဆုံးတွင် ဇမ္ဗူဒိပ်ကျွန်းလုံး၌ရှိသော မင်းတို့၏ အများအားဖြင့် ဆရာဖြစ်ခဲ့ဖူးသော ဒေါဏပုဏ္ဏားကြီးက စကားစေ့စပ် သဘောချင်းထပ်မိအောင် နှစ်ဘာဏဝါရ (စကားလုံးရေ ၁၆၀၀၀)ခန့် ပမာဏရှိသော စကားရှည်ကြီးဖြင့် သာယာချေင်စွာ ပြောဆိုဆုံးမဩဝါဒ ပေးပြီးသောအခါမှသာလျှင် ခုနစ်ပြည်ထောင်မင်းတို့က မင်းဆရာဖြစ်သော ဒေါဏပုဏ္ဏားကြီးအား ဓာတ်တော်ဝေခြမ်းရေးကို အာဏာကုန်လွှဲအပ်ပြီး ပုဏ္ဏားကြီး ခွဲဝေပေးသည့်အတိုင်း လိုက်နာကြရန် သဘောတူညီကြလေ သည်။

ဒေါဏပုဏ္ဏားကြီးသည် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်ကြသော ခုနစ်ပြည်ထောင်မင်းတို့အား ကုသိနာရုံပြည် မလ္လာမင်းနှင့် အညီအမျှ ရှစ်စုခွဲ၍ ဓာတ်တော်တို့ကို ဝေခြမ်းပေးလိုက်လေသည်။

ဤသို့လျှင် ရှစ်ပြည်ထောင်မင်းတို့သည် တစ်ပြည်ထောင် လျှင် နှစ်ကွမ်းစားစီရှိသော ဓာတ်တော်တို့ကို အညီအမျှရရှိသောအခါ မှသာလျှင် ကျေနပ်ဝမ်းမြောက်စွာ ပြန်သွားကြကုန်သည်။

## ⑮ မြတ်စွယ်တော်လေးဆူ

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိစဉ်အခါတွင် သတ္တဝါတို့၏ သို့လောသို့လော တွေးတောယုံမှားမှု (ဝိစိကိစ္ဆာ)ကို ပယ်ဖျောက်တော်မူရန် သစ္စာလေးပါး မြတ်တရားတော်စသည့် ဒေသနာတော်များကို ဟောကြား တော်မူရာတွင် သွားတော်ကြောင့်ဖြစ်သော စကားလုံးတို့၏ အခြေခံ ဖြစ်သော စွယ်တော်လေးဆူတို့သည် ပရိနိဗ္ဗာန်စံဝင်သည့်အခါ တေဇော ဓာတ်မီးလောင်ကျွမ်းသော်လည်း မကွဲမပြား ကြွင်းကျန်တည်နေကြကုန်၏။

ဓာတ်တော်ဝေခြမ်းရန် မင်းဆရာ ဒေါဏပုဏ္ဏားကြီးရှိရာသို့ မင်းပေါင်းစုံ ချဉ်းကပ်လာကြပြီးလျှင် ဆရာကြီးသည် ရတနာကိုးပါးတို့ဖြင့် ခြယ်လှယ်မွမ်းမံထားသော ဓာတ်တော်ရွှေအိုးကို ဖွင့်လှစ်လိုက်သည့်အခါ တဝင်းဝင်းတလက်လက်ပြိုးပြက်တောက်ပြောင် ရောင်ခြည်သန်းကာ ရွှေရောင် တန္ဒ့န္ဒ့၊ ပုလဲရောင်တော် တလဲ့လဲ့၊ မြတ်လေးငုံရောင်ကလည်း တသွဲ့သွဲ့၊ အိုဘဲ့ဓာတ်တော်များဟု ဆိုလောက်သည့် ရှစ်စိတ်ခန့်ရှိသည့် (အဋ္ဌဒေါဏ ရှစ်စိတ်ဟူ၍လည်းကောင်း၊ ရှစ်စရွက်ဟူ၍၎င်း၊ ရှစ်ကွမ်းစားဟူ ၍၎င်း ရှေးဆရာကြီးများဖွင့်ဆိုတော်မူကြကုန်၏) ဓာတ်တော်များကို ဖူးမြင် ရသောကြောင့် ရှစ်ပြည်ထောင်မင်းတို့သည် ဘုရားရှင်အားသတိရ၍ လွမ်း ဆွတ်ပူဆွေး စိတ်မအေးနိုင်ဘဲ များစွာတမ်းတ ငိုကြွေးရှာကြကုန်လေသည်။

ဤသို့ ရှစ်ပြည်ထောင်မင်းတို့ လွမ်းဆွတ်ပူဆွေး ငိုကြွေးကြ ကုန်စဉ် သတိမကပ် ပူပင်မေ့လျော့သဖြင့် လစ်လပ်သည့်အခိုက်တွင်

လိုချင်လောဘကြီးသော ဒေါဏပုဏ္ဏားသည် လက်ျာအထက် စွယ်တော်မြတ်ကို ယူငင်ပြီးလျှင် မိမိ၏ ဦးရစ်ခေါင်းပေါင်းအကြား၌ သိုဝှက် ထားလိုက်လေ၏။ လက်ျာအောက်စွယ်တော်မြတ်ကိုလည်း ခြေဖျားစွန်းဖြင့် နင်းဖိလျက် အများမသိအောင် ယူထားပြန်လေသည်။ ဤမျှနှင့်အားမရသေးဘဲ နောက်ထပ်တဖန် လက်ဝဲအထက် စွယ်တော်မြတ်ကိုလည်း ဝတ်ရုံထည်အတွင်း အသာသွင်း၍ သိုဝှက်ခြင်းပြုပြန်လေ၏။

(၁) လက်ျာအထက်စွယ်တော်မြတ်အား ပုဏ္ဏားကြီး သိုဝှက် ယူငင်ထားသော်လည်း အရှည်သဖြင့် ထိုက်တန်လျောက်ပတ်အောင် ပူဇော်သက္ကာရပြုနိုင်လိမ့်မည်မဟုတ်ကြောင်းကို သိကြားမင်းသိမြင်သော ကြောင့် တန်ခိုးဖြင့် တိတ်တဆိတ်ယူငင်၍ စူဠာမဏိစေတီတော်၌ ထည့်သွင်း၌ာပနာ ထားလိုက်လေ၏။

(၂) လက်ျာအောက်စွယ်တော်မြတ်ကို ဇယသေန နဂါးမင်းသည် ပုဏ္ဏားကြီး၏ ခြေဖျားစွန်းမှ တန်ခိုးဖြင့် ယူဆောင်၍ နဂါးပြည်အလယ်ပိုင်း ရတနာစေတီ၌ ၌ာပနာတည်ထားလေသည်။

(၃) လက်ဝဲအထက်စွယ်တော်မြတ်ကိုမူ ပုဏ္ဏားကြီး၏ ဝတ်ရုံထည်အကြားတွင် ကွယ်ဝှက်ထားရာမှ ဂန္ဓာရတိုင်း တက္ကသိုလ် ပြည်သား ရဟန္တာမြတ်တစ်ပါးက တန်ခိုးဖြင့်ယူငင်၍ ဂန္ဓာရတိုင်း စေတီယတောင်၌ တည်ထားတော်မူလေ၏။

(ဂန္ဓာရတိုင်းကို တရုတ်ပြည်ဟု မယူဆသင့် "ဇေကံဂန္ဓာရင်သယေ" ဟူသော ဗုဒ္ဓဝင်သုတ်မဟာဝါတို့နှင့် "တေပန ဂန္ဓာရေ မဟာယတိ" ဟူသော သုတ်မဟာဝါပါဠိတော်တို့၌ပါသည့် ဂန္ဓာရကို "ဂန္ဓာရေရဋ္ဌေ တက္ကသီလာယံ" ဟူသော အဋ္ဌကထာများနှင့်အညီ တက္ကသိုလ် ပြည် **(Taxila)** တစ်ဝိုက်ကိုသာ ယူသင့်၏။ အိန္ဒုမြစ်နှင့် ချိုစပေမြစ် အကြား၌ ဂန္ဓာရတိုင်းသည် ယခုတိုင်အောင် အထင်အရှားရှိနေ၏ဟု ဆရာတို့ယူဆသည်။

(၄) လက်ဝဲအောက် စွယ်တော်တစ်ဆူကိုမူကား အရှင်သာရိပုတြာ ၏တပည့် ခေမာမည်သော ရဟန္တာသည် တေဇောဓာတ်လောင်ကျွမ်း နေစဉ်မှာပင် တန်ခိုးဖြင့်ဆောင်ယူ၍ ကာလိင်္ဂတိုင်း ဒန္တာပူရပြည်ရှင်ဘုရင် ဗြဟ္မဒတ်မင်းအား ဆက်သကိုးကွယ်စေလေသည်။

ယင်းစွယ်တော်မြတ်ကို (က) ဗြဟ္မဒတ်မင်း (ခ) ကာလိင်္ဂရာဇာမင်း (ဂ) ယင်း၏သားတော် သုနန္ဒာမင်း (ဃ) ဂုဟာသီဝမင်း ယင်းမှတစ်ဆင့် ပါဋလိပုပြည် (င) ပဏ္ဍုရာဇာမင်း ယင်းကပြန်အပ်သဖြင့် (စ) ဂုဟာသီဝမင်း ယင်း၏သမီးတော် ဟေမမာလာကို ဥဇ္ဇေနီပြည့်ရှင်ဘုရင် မင်းမြတ်နှင့် မိဖုရားကြီး (ဂုဟာသီဝမင်း၏ နှမတော်) တို့မှ ဖွားမြင်သည့် သားတော် ဒန္တကုမာရနှင့် လက်ထပ်ထိမ်းမြားလိုက်သဖြင့် ယင်းနှစ်ဦး မောင်နှံတို့က သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်ပြီး မဟာသေနမင်း၏သား (ဆ) ကိတ္တိသီရိ မေဃတို့ အစဉ်အဆက် ကိုးကွယ်ပူဇော်လာခဲ့ကြသည်။

(၅) နဖူးသင်းကျစ်တော်သည် သီဟိုဠ်ကျွန်း (တစ်နည်း) ဗြဟ္မာပြည်တွင်တည်ရှိသည်။

(၆) လက်ျာညှပ်ရိုးတော်သည် သီဟိုဠ်ကျွန်း ထူပါရုံစေတီတွင် တည်ရှိသည်။

(၇) လက်ဝဲညှပ်ရိုးတော်သည် သီဟိုဠ်ကျွန်း မဟိယင်္ဂဏစေတီ တွင် တည်ရှိသည်။

ကျန်သော ဓာတ်တော်များကို ဇမ္ဗူဒိပ်ကျွန်းတွင် ဓာတ်တော် ဝေစုရရှိကြသော ရှစ်ပြည်ထောင် မင်းအသီးသီးတို့က စေတီတော် ရှစ်ဆူတွင် ဌာပနာ၍ တည်ထားကိုးကွယ်ကြလေသည်။

## ရှင်မဟာကဿပနှင့် အဇာတသတ်မင်းတို့၏ အမြော်အမြင်

ရှင်မဟာကဿပသည် ဓာတ်တော်တို့နှင့် ပတ်သက်၍ နောင်အခါ အန္တရာယ်ရှိမည်ကို သိမြင်တော်မူသောကြောင့် အဇာတသတ် မင်းနှင့် တိုင်ပင်၍ ရာဇဂြိုလ်ပြည် အရှေ့တောင်ထောင့် ကုန်းမြင့်ရာ အရပ်၌ တစ်နေရာတည်းမှာပင် တစ်စုတစ်ပေါင်းတည်းထား၍ ဌာပနာရန် ဝေသာလီ၊ ပါဝါ၊ ကုသိနာရုံ၊ ကပိလဝတ်၊ အလ္လာကပ္ပ၊ ဝေဋ္ဌဒီပကတိုင်း နိုင်ငံများမှ ဓာတ်တော်များကို တန်ခိုးဖြင့် ပင့်ဆောင်တော်မူခဲ့လေသည်။



ရာမရွာမှ ဝေစုရသော ဓာတ်တော်များမှာကား နဂါးပြည်သို့ ဆိုက်ရောက်နေပြီး အန္တရာယ်မရှိဘဲ သာသနာနှစ် (၂၃၆) လွန်သောအခါ

သီဟိုဠ်ကျွန်း မဟာစေတီ၌ ဌာပနာ၍ တည်ထားမည်ကို သိမြင်တော်မူသောကြောင့် မပင့်ဆောင်ဘဲ ထားခဲ့လေသည်။

ထိုသို့ပင့်ဆောင်ခဲ့သမျှ ဓာတ်တော်များကို အဇာတသတ်မင်းသည် မိမိစိုးစံရာ ရာဇဂြိုလ်ပြည်၏ အရှေ့တောင်ထောင့်အရပ် ကုန်းမြင့်နေရာတွင် အများမသိအောင် ကြီးကျယ်ခိုင်ခန့်စွာ တည်ထားဌာပနာလေသည်။ လူအများကိုကား သာဝကရှစ်ကျိပ်တို့၏ စေတီများကို တည်ထားသည်ဟု သိစေတော်မူလေ၏။

## သီရိဓမ္မာသောကမင်းတရားကြီး

သာသနာတော်နှစ် သက္ကရာဇ်အနှစ် (၂၀၀) ကျော်လွန်သောအခါ သီရိဓမ္မာသောကမင်းတရားကြီးသည် ထိုဓာတ်တော်များကို ရှာဖွေတူးဖော်၍ ဇမ္ဗူဒိပ်ကျွန်းတွင်ရှိသော ရှစ်သောင်းလေးထောင် (၈၄၀၀၀) သော မြို့နိုင်ငံတို့၌ (၈၄၀၀၀) ရှစ်သောင်းလေးထောင်သော စေတီတော် တို့ကို မြတ်စွာဘုရား၏ဓာတ်တော်များ ဌာပနာထည့်သွင်းစေ၍ တစ်ပြိုင်နက်တည်း တည်ထားကိုးကွယ်စေခဲ့သည်။

## သုဝဏ္ဏဘူမိသာသနာ

သုဝဏ္ဏဘူမိနိုင်ငံသို့ ရှင်သောဏနှင့် ရှင်ဥတ္တရတို့ ဦးဆောင်သော သံဃာအဖွဲ့ငါးပါးတို့သည် ဓာတ်တော်များကို ပင့်ဆောင်လာ၍ သီရိဓမ္မာသောကမင်းတရားကြီး၏ တတိယသင်္ဂါယနာတင်ပွဲ အထိမ်းအမှတ်အဖြစ် ဓာတ်မွေတော်စေတီများကို တည်ထားကိုးကွယ်ကြလေသည်။

## ကက္ကူမွေတော်ဓာတ်မြတ်ကျော်

သီရိဓမ္မာသောကမင်းတရားကြီး တည်ထားကိုးကွယ်သော စေတီပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင်တည်းတွင် ရှင်သောဏနှင့် ရှင်ဥတ္တရမထေရ်တို့၏ ကျေးဇူးတရားဖြင့် ဤကက္ကူမွေတော်ဓာတ်မြတ်ကျော်စေတီကို တည်ထားကိုးကွယ်ကြလေသည်။

## တောင်သူကွမ်းညှပ် (တဖြတ်ဖြတ်)

ဗုဒ္ဓရှင်တော်မြတ်၏ ဓာတ်မွေတော်အစစ်များကို ဌာပနာ ထည့်သွင်းပြီး မွေတော်ကက္ကူဘုရားတည်ထားရာမှ နှစ်ပရိစ္ဆေဒများစွာ အတွင်း အခြားအလားတူ စေတီများကိုလည်း တည်ထားခဲ့ကြသဖြင့် စေတီများမှာ စေတီဆူအရေအတွက် တိုးတက်များပြားလာခဲ့ကြသည်။ စေတီအဆူ အရေအတွက် နည်းများပမာဏကို အလွယ်တကူမှတ်သား ထားနိုင်ရန် ဗေဒင်နည်းအက္ခရာသင်္ချာဖြင့် "တောင်သူကွမ်းညှပ်" (တဖြတ်ဖြတ်) ဟု မှတ်တမ်းတင် ထားခဲ့ကြလေသည်။ ဤဆိုရိုးပြု ထားသော မှတ်တမ်းအရ မွေတော်ကက္ကူစေတီမှာ တောင်သူကွမ်းညှပ် (၇၆၂၃)ဆူ ခုနှစ်ထောင့်ခြောက်ရာနှစ်ဆယ့်သုံးဆူ ရှိလေသည်။ (တဖြတ်ဖြတ်)မှာ အသံကာရံလိုက်၍ ဖြည့်ထားသော စကားဖြစ်သည်။

နောင်ခဲဘုန်းကြီး ဦးသောန၏ မှတ်တမ်းအရ သက္ကရာဇ် (၁၂၈၀) ပြည့်နှစ်တွင် (ခရစ်–၁၉၁၈) ကက္ကူမွေတော်ဓာတ်မြတ်ကျော် စေတီဆူပေါင်း

(၂၄၀၂)ဆူ နှစ်ထောင့်လေးရာနှစ်ဆူရှိလေသည်။ ကက္ကူစေတီစုများထဲမှ ဖောင်တော်ဆိုက်စေတီ ဂန္ဓကုဋီအနောက်ဘက် အုတ်နံရံတွင် မင်ဖြင့် မွေတော်ကက္ကူစေတီစုကို ရေတွက် မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရသည်။ သက္ကရာဇ် ၁၂၉၀ ပြည့်နှစ် (ခရစ်-၁၉၂၈)အချိန် ကက္ကူစေတီ စုမှာ(၂၅၄၈)ဆူ နှစ်ထောင့်ငါးရာလေးဆယ့်ရှစ်ဆူရှိလေသည်။

တစ်နေရာတည်းမှာ တစ်စုတစ်ဝေးတည်း စေတီထောင်ပေါင်း များစွာ တည်ထားကိုးကွယ်မှုပြုနိုင်ခဲ့ကြပေသော ဒေသခံတိုင်းရင်းသား တောင်သူတို့၏ စေတနာသဒ္ဓါတရားကို ချီးကျူးဂုဏ်ပြု ဥဒါန်းတင်သော အားဖြင့် "တစ်မိုးရလို့ တစ်ပဲလှူ ဒို့ရှမ်းတောင်သူ တူနိုင်ရိုးလား" ဟူ၍ ဆိုရိုးစကားပင် ရှိခဲ့လေသည်။ စေတီဆူပေါင်း အရေအတွက်ကိုလည်း ကွမ်းစားသည့်ဓလေ့ကို မြတ်နိုးခုံမင်သော တောင်သူတို့၏ ရိုးရာ ကွမ်းစားခြင်း အသုံးပြုမှုဖြင့် တောင်သူကွမ်းညှပ် (တဖြုတ်ဖြုတ်)ဟု မှတ်တမ်းပြုခဲ့သည်။

## နှစ်ပရိစ္ဆေဒ

ကက္ကူမွေတော်ဓာတ်မြတ်ကျော်စေတီအား တည်ထား ကိုးကွယ်မှု၊ လေးမြတ်ပူဇော်မှုပြုကြသည်မှာ နှစ်ပရိစ္ဆေဒများစွာ ရှည်လျား ခဲ့ပြီးဖြစ်လေသည်။

တတိယသင်္ဂါယနာတင်ပွဲအပြီး ကိုးတိုင်းကိုးဌာန သာသနာပြု

စေလွှတ်သော သီရိဓမ္မာသောကမင်းကြီး၊ ရှင်သောဏနှင့် ရှင်ဥတ္တရ စတင်တည်ထားကိုးကွယ်ခဲ့သော အချိန်ကာလမှစ၍ ရေတွက်လျှင် (ဘီစီ–၃၀၇) ခုနှစ်မှစ၍ ခရစ်နှစ် ၁၉၉၉ ခုနှစ်တိုင်သည်အထိ နှစ်ပရိစ္ဆေဒပေါင်း (၂၃၀၆)နှစ် (နှစ်ထောင့်သုံးရာခြောက်နှစ်) ကြာမြင့်ခဲ့သည်။

ပုဂံမင်းဆက်များထဲတွင် စေတီဘုရားများစွာကို တည်ထားကိုးကွယ်ခဲ့သော နရပတိစည်သူမင်းကြီး ထပ်မံပြုပြင်ထားသည့် မြန်မာသက္ကရာဇ် ၅၃၇ ခုနှစ်၊ (ခရစ်နှစ် ၁၁၇၄)မှစ၍ ၁၃၆၂ ခုနှစ်၊ (ခရစ်နှစ် ၁၉၉၉) တိုင်သည်အထိဆိုလျှင် နှစ်ပေါင်း(၈၂၅) သက်တမ်းကာလ ရှိနေပေသည်။

ကက္ကူမွေတော်ခတ်မြတ်ကျော်စေတီအား အသံဖြင့် လျှုဒါန်းပူဇော်နိုင်ရန် ကြေးပိသာချိန် နှစ်ရာ့နှစ်ဆယ်ရှိသော ခေါင်းလောင်းကြီးကို သွန်းလောင်းလှူဒါန်းထားသည်။ သက္ကရာဇ် ၁၁၅၅ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်၊ ၁၇၉၃–ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ခေါင်းလောင်း ကမ္ပည်းစာရေးထိုးထားသည်။ ထိုခေါင်းလောင်းသည် ၁၉၉၉ ခုနှစ်တွင် နှစ်ပေါင်း(၂၀၆)နှစ် ကြာခဲ့လေပြီ။

ကြေးပိသာချိန် လေးရာငါးဆယ်ရှိသော နောက်ခေါင်းလောင်းကြီး တစ်လုံးကိုလည်း သက္ကရာဇ် ၁၂၅၅–ခုနှစ် (ခရစ်နှစ် ၁၈၉၃) နယုန်လပြည့်ကျော်(၅)ရက်နေ့တွင် ခေါင်းလောင်းကမ္ပည်းစာရေးထိုးထားသည်။ ထိုခေါင်းလောင်းသည် ၁၉၉၉ ခုနှစ်တွင် နှစ်ပေါင်း(၁၀၆)နှစ်ကြာခဲ့လေပြီ။

## ကက္ကူမှပေးသော ရသများ

**တည်ငြိမ်အေးချမ်းခြင်း**

လူတို့သည် ရုပ်ဝတ္ထုပစ္စည်း ရွှေ၊ ငွေ၊ ရတနာ၊ ဥစ္စာပစ္စည်း (ရုပ်ဝတ္ထု)များ ချို့တဲ့ဆင်းရဲခြင်း၊ မပြည့်စုံခြင်းကြောင့်လည်း စိုးရိမ်သောက ပူပန်စိတ်ဆင်းရဲရသည်။ ရွှေ၊ ငွေ၊ ရတနာ၊ ဥစ္စာပစ္စည်း (ရုပ်ဝတ္ထု) ပြည့်စုံကြွယ်ဝပြန်လျှင်လည်း လိုချင်ရမ္မက်လောဘတက်၍ ပူပြင်းသော လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရပြန်သဖြင့် လူ၏စိတ်သည် ငြိမ်းချမ်းမှုမှ ကင်းဝေးနေတတ်သည်။

ကိလေသာအပူငြိမ်းပြီးသော ဘုရားရှင်ရှေ့မှောက်တွင် ရောက်လာသူသည် ဒုက္ခခံနေရသော လူသားတို့အပေါ် အဆအရာ အထောင်မက ငြိမ်းအေးပြီးသော မြတ်ဗုဒ္ဓ၏ မေတ္တာအေးရိပ်တော်ကြောင့် ငြိမ်းအေးမှု သန္တရသများ ဖြန့်ကျက်လွှမ်းခြုံမိလေသည်။ ဘဝသံသရာများစွာ ကျင်လည်နေရသော အပြေးအလွှားမနားမနေ စုန်ဆန်နေရသော ဆုံလည်နွားနှင့် ချားရဟတ်လို ကြိမ်ဖန်များစွာ ပြောင်းပြန်လှည့်ပတ် နေရသော ဝဋ္ဋဒုက္ခဘဝကို ပြောင်းလဲပစ်၍ ဘဝ၏ တည်ငြိမ်အေးချမ်းမှုကို ပေးနိုင်သည်မှာ မြတ်ဗုဒ္ဓ၏ ခန္တီ၊ မေတ္တာ၊ သစ္စာ၊ ပညာအေးရိပ်သာလျှင် ဖြစ်သည်။

အေးငြိမ်းပြီးသော မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို

ဌာပနာသွင်းပြီးတည်ထားရာ ကက္ကူမွေတော်ခတ်မြတ်ကျော်စေတီဘုရား၏ အရိပ်အာဝါသသို့ ရောက်ရှိလာကြသူအပေါင်းတို့သည် ဓမ္မ၏စွမ်းရည်သတ္တိဖြင့် ဘေးရန်ကင်းပြီး တည်ငြိမ်အေးချမ်းကြပါသည်။ ဘုရားဖူးများ၏ သဏ္ဌာန်ဝယ် သန္တရသတည်ငြိမ်အေးချမ်းမှုများ ခံစားဖြစ်ပွားနိုင်ပါသည်။

တည်ငြိမ်အေးချမ်းမှု သန္တရသနှင့် ပြည့်စုံသောကြောင့် ဤကက္ကူမွေတော်ခတ်မြတ်ကျော်စေတီ တည်ရှိရာ ဤနေရာတွင် လောက၏ ကောင်းကျိုးစီးပွားများကို သယ်ပိုးဆောင်ရွက်လိုကြသော ဓမ္မဂမ္ဘီရပုဂ္ဂိုလ်ထူးကြီးများ၊ လောကီပညာကို ရှာဖွေနေကြသော ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်ထူးကြီးများ၊ တန္တရပညာရှင်များ၊ သူတော်စင်ယောဂီများ၊ အရိယဝိဇ္ဇာရဟန္တာပုဂ္ဂိုလ်ထူးများ ကိန်းအောင်းမွေ့လျော်နေကြခြင်းဖြစ်သည်။

မွေတော်ကက္ကူဘုရား၏ တည်ငြိမ်အေးချမ်းသော အရိပ်အာဝါသအား မပျက်စီးရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို တောင့်တလိုလားသော ဆန္ဒများ ရှိကြပေလိမ့်မည်။

**အံ့သြခြင်း**

လူ့လောကကြီး၌ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့မှာ မဖြစ်စဖူး ထူးကဲလှပါသည်တကား၊ အံ့သြဖွယ်ဖြစ်စွာ့တကားဟု စိတ်တွင် အံ့သြခြင်း အမ္ဘုတရသများ ခံစားဖြစ်ပွားရသည်။

ပူဇော်အထူးကို ခံတော်မူထိုက်သော ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်မွေတော်ကို စေတီဘုရားတည်ထားကိုးကွယ်ခဲ့ရခြင်းသည်ပင် ရခဲခြင်း ဒုလ္လဘတရား ဖြစ်ပါသည်။ အကြောင်းပေါင်းများစွာ ညီညွတ်စုစည်းမှသာ ဓာတ်မွေတော်မြတ်ကို တည်ထားကိုးကွယ်နိုင်ပါသည်။

ဘုရားမြတ်အဖြစ်သို့ ရောက်တော်မမူမီ နုစဉ်ကာလ အလောင်းတော်ဘဝများ၌ပင် ပါရမီ(၁၀)ပါး၊ စရိယ(၃)ပါး၊ စွန့်ခြင်းကြီး(၅)ပါးတို့ကို အားထုတ် ကြိုးပမ်းဖြည့်ဆည်းခြင်းသည်ပင် အံ့ဩချီးကျူးမှုတို့နှင့် ပြည့်နှက်ပေသည်။

ပစ္ဆိမဘဝိက နောက်ဆုံးဘဝသို့ရောက်လာသည့် သိဒ္ဓတ္ထမင်းသား အဖြစ်နှင့် ဖွားမြင်တော်မူလာပြီး၊ အသက်(၁၈)နှစ်အရွယ်တွင် ခက်ခဲနက်နဲသော လေးအတတ်ပညာကို အပြည်ပြည်ဆိုင်ရာနိုင်ငံတကာတို့မှ မင်းညီမင်းသား မင်းစိုးရာဇာများနှင့် စစ်သူကြီးခေါင်းဆောင်များ ရှေ့မှောက်တွင် အံ့ဩဘနန်း အဆန်းတကြယ် ပြသခဲ့ပေသည်။

ဘဒ္ဒကစ္စနာ ယသော်ဓရာမင်းသမီးနှင့် စုလျား ရစ်ပတ် လက်ထပ်မင်္ဂလာဆောင်နှင်းပြီးနောက် သားတော်ရာဟုလာမင်းသား ဖွားမြင်ပြီးတော်မူသောအခါ နွေ၊ မိုး၊ ဆောင်း သုံးရာသီစံနန်း ပြာသဒ်ဆောင်၌ စံမြန်းနေပါသည်။ ယင်းသို့ စံမြန်းနေဆဲကာလမှာပင် သားတော်ရာဟုလာ မင်းသားနှင့် ကြင်ယာတော် ဘဒ္ဒကစ္စနာသော်ဓရာ မင်းသမီးတို့အပေါ် နှောင်တည်းခိုင်မာလှသော သံယောဇဉ်ကြိုးကို

ဖြတ်၍လည်းကောင်း၊ မိမိအား မျက်စိအောက်တွင် အပျောက်မခံဘဲ အမြဲကြည့်ရှုစောင့်ရှောက်သော မိထွေးတော်ဂေါတမီ၏ ချစ်ခြင်းမေတ္တာကို ဖြတ်တောက်၍ လည်းကောင်း၊ ခမည်းတော်သုဒ္ဓေါနမင်းကြီးနှင့် ဆွေမျိုးတော်အပေါင်းတို့အား စွန့်ခွာ၍လည်းကောင်း၊ ကပိလဝတ်နေပြည်တော်မှ ဥရုဝေလတောသို့ ဝါဆိုလပြည့်ညသန်းခေါင်အချိန်မှာ မဟာဘိနိက္ခမန ကြီးမားစွာသော တောထွက်တော်မူခြင်းကို ပြုတော်မူခဲ့သည်။

မင်းသားဘဝတွင်ရှိစဉ်အခါက နူးညံ့သိမ်မွေ့ခဲ့သလောက် ဤဥရုဝေလတောသို့ ရောက်သောအခါ နေစရာ အိမ်မရှိ၊ စားစရာ အဟာရရှားပါး၊ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ကြမ်းတမ်းခက်ထန်သော ဘဝကို မြတ်နိုးခံယူကာ၊ ခြောက်နှစ်တာကာလပတ်လုံး လူသာမန်တို့ မပြုကျင့်နိုင်သော ပင်ပန်းနွမ်းနယ် ခက်ခဲကြမ်းတမ်းသည့် ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူခဲ့သည်။

ယင်းတို့ကား ဘုရားဖြစ်တော်မမူမီ အံ့ဩဖွယ်ခံစားရသည့် အဇ္ဈတ္တရသများပင်ဖြစ်သည်။

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် အလုံးစုံသော တရားတော်များကို အကြွင်းအကျန်မရှိ ထိုးထွင်း၍ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် (ပု၊ ဒိ၊ အာ) ဉာဏ်တော်သုံးပါးနှင့် ပြည့်စုံကာ မာန်ငါးပါးကို အောင်မြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း

သည်လည်း အံ့ဩဖွယ်ရာ အမ္ဘုတများဖြစ်ပေတော့သည်။

ဘုရားဖြစ်တော်မူပြီးသည့်အခါ လူ၊နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ လက်အုပ်ချီမိုး ရှိခိုးခြင်းငှါ ထိုက်တော်မူသောဂုဏ်၊ ကိလေသာမာရ် ကိုယ်တွင်းရန်ကို နှိမ်နင်းသတ်ဖြတ်တော်မူနိုင်သောဂုဏ် မကောင်းမှုကို ဆိတ်ကွယ်ရာမရှိ ပြုတော်မမူခြင်းဂုဏ်(လှူဖွယ်ဝတ္ထုပစ္စည်းလှူဒါန်းခြင်းကို ခံယူတော်မူထိုက်သောဂုဏ်) အာဇာနည်ယောကျ်ား ဖြစ်တော်မူသောဂုဏ်၊ မြတ်သောယောကျ်ားဖြစ်တော်မူသောဂုဏ်၊ သံသရာကို ကူးမြောက် လွန်တော်မူနိုင်သောဂုဏ်၊ မသေရာအမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သော ဂုဏ်တို့နှင့် ပြည့်စုံခြင်းသည် အံ့ဩဖွယ်ရာ အမ္ဘုတများဖြစ်သည်။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ အစိန္တေယျ အပ္ပမေယျ အနိုင်းမဲ့ကျေးဇူးတော်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားသခင်သည် ပံသကူသင်္ကန်းအတွက် လူသေအလောင်းများ စွန့်ပစ်ထားရာ သုသာန်တစသချိုင်းပြင်သို့ ကြွရောက်တော်မူကာ ပုပ်သိုးဆွေးမြေ့နေသော ကာလီကျွန်မ လူသေအလောင်းမှ ပိုးလောက်လန်းတို့ဖြင့် ပြည့်နှက်နေသော အဝတ်စတို့ကို ယူတော်မူသောအခါ ဤသက်မဲ့ဖြစ်သော မဟာပထဝီမြေကြီးသည်ပင် မခံမရပ်နိုင်အောင် မြည်ဟီးတုန်လှုပ်ခြင်း ဖြစ်ခဲ့ရလေသည်။

ဤကက္ကူမွေ့တော်ဓာတ်မြတ်ကျော်စေတီဘုရားတွင် တည်ငြိမ်အေးချမ်းခြင်း သန္တရသဂုဏ်၊ ကြည်ညို အံ့ဩဖွယ်ကောင်းခြင်း အမ္ဘုတ

ရသဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ ဓာတ်မွေတော် အစစ်များကို ဌာပနာသွင်းတည်ထားကိုးကွယ်ခြင်းကြောင့် ဘုရားကြည်ညို ဖူးမြော်ကြရသော သပ္ပုရိသနွယ်ဝင်သူတော်စင်အပေါင်းတို့သည်လည်း ငြိမ်းအေးခြင်း အံ့သြခြင်းရသတို့ကို ခံစားရရှိနိုင်ပေတော့သည်။

ယဉ်ကျေးမှုအဆင့်မြင့်သော အသိဉာဏ်ပညာနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များမှသာ ဤအဆင့်မြင့်ရသများကို ရရှိခံစားနိုင်ပေသည်။

မျက်မြင်အားဖြင့် ကက္ကူမွေတော်ဓာတ်မြတ်ကျော်စေတီမှာ ဆုတောင်းပြည့်စေတီတော်ကြီးနှင့် ဖောင်တော်ဆိုက်စေတီကြီး နှစ်ဆူကို ခြံရံ၍ ဒီဇိုင်းပုံစံ အထူးအထူးအပြားပြားရှိသော နှစ်ထောင့်ငါးရာလေးဆယ်ရှစ်ဆူမျှ အရေအတွက်ရှိသော စေတီငယ်ကလေးများ တစ်နေရာထဲမှာ စုဝေးတည်ရှိနေခြင်းသည်ပင် မြန်မာနိုင်ငံတွင် အခြားသောနေရာဒေသ၌ မတွေ့မြင်နိုင်သော ထူးခြားချက်ဖြစ်သည်။

သီရိမင်္ဂလာမင်းတရားကြီး တည်ထားကိုးကွယ်ထားသော စေတီပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင်တွင်ပါဝင်ပြီး သက်တမ်းကာလအားဖြင့် နှစ်ထောင့်သုံးရာကျော်ရှိခြင်းသည် အံ့သြဖွယ်ရာဖြစ်သည်။

ပုဂံမင်းဆက်ထဲမှာ နရပတိစည်သူမင်း မွမ်းမံပြုပြင် တည်ထားခြင်းသည်ပင် နှစ်ပေါင်း(၈၂၅) ရှစ်ရာနှစ်ဆယ့်ငါးနှစ်ရှိ၍ အံ့သြချီးကျူးဖွယ်ဖြစ်သည်။

ကက္ကူစေတီစုမှာရှိသော အနုပညာအခြယ်အသများသည် လှပ ဆန်းကျယ်၍ ထူးခြားချက်နှင့် ပြည့်စုံသည်ဟု သုတေသီတို့ ထင်မြင် ထားသည်။

ဘီလူးရုပ်ကို မုခ်ပေါက်ထိပ်၌ထားပြီး အခြောက်အလှန့်သဘော မျိုးထားလေ့ရှိသော်လည်း ဤကက္ကူမွေတော်စေတီဘုရားတွင် အလှအပ သဘောမျိုးရှိသော ပန်းကနုတ်အထွေထွေဖြင့် အလွန်လှပအောင် ထုလုပ် ထားခြင်းသည် (ကြောက်စရာကောင်းသော ဘီလူးရုပ်က ချစ်စဖွယ်ဖြစ် နေခြင်း) အမ္ဘုတရသကို ဖော်ကျူးခြင်း ဖြစ်ပါတော့သည်။

ကက္ကူမွေတော်ဓာတ်မြတ်ကျော်စေတီအား ဖူးမြော်တွေ့မြင်ရပြီး နိုင်ငံခြားသား ခရီးသွားတစ်ဦးအနေဖြင့် အံ့သြကြည်ညိုမှုဖြစ်ရပုံများမှာ–

- အနောက်တိုင်းသမိုင်းပညာရှင်များ မကြားဖူးသေးသော ခရီးသွား မှတ်တမ်းစာအုပ်တွင် မပါသော ရှေးဟောင်းစေတီ။
- ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရှမ်းပြည်နယ်၏ အကြီးဆုံးနှင့် ခမ်းနားသိုက်မြိုက်ဆုံး ရှေးဟောင်းစေတီ။
- နိုင်ငံခြားခရီးသည်တွေ ဒီလိုထူးခြား အံ့သြဖွယ်ကောင်းတဲ့ နေရာမျိုးကို လာရောက်လေ့လာခွင့် ရှိလာတဲ့အခါမှာ ကက္ကူစေတီတွေဟာ ကမ္ဘာပေါ်မှာ ရှေးအကျဆုံး စေတီတွေရဲ့ နေရာမှန်ကို ရယူနိုင်မှာဖြစ်တယ်။

- ဒီစေတီတော်တွေဟာ ရိုးရာယဉ်ကျေးမှု အနုပညာနှင့် ဗိသုကာ လက်ရာတွေအတွက် ထင်ရှားကျော်ကြားတဲ့ သာဓက တစ်ခုမျှသာ မကဘူး။

- ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေထဲက တစ်မျိုးဖြစ်တဲ့ တိုင်းရင်းသား ပအိုဝ်းလူမျိုးတို့အတွက် ဘာသာရေးအရ လေးစားကြည်ညို အထွတ်အမြတ်ထားရာ သာသနိကအဆောက်အအုံ တွေလည်း ဖြစ်တယ်။ ကက္ကူစေတီတော်ရဲ့ ပြင်ပက မွမ်းမံခြယ်သ ထားမှုတွေဟာ ရိုးရှင်းတယ်။

- ကနဦးတည်ခဲ့တဲ့သူတွေဟာ ကျက်သရေရှိရေးကိုသာ အထူးအာရုံ ပြုပြီး ဆောင်ရွက်ခဲ့ပုံရတယ်။

- တချို့စေတီတွေမှာတော့ အပြောက်အမွမ်းတွေ ဆင်ယင် ထားတယ်။

- ရိုးရာကနုတ်ပန်းတွေနဲ့ ယှက်နွယ်ထားတဲ့ ပုံသဏ္ဌာန်မျိုးရယ်၊ ပင်စည်ရိုးတံတွေ လိမ်ထားတဲ့ ပုံသဏ္ဌာန်တွေကို ရိုးရာပညာနှင့် ဖော်ကျူး ဆင်ယင်ထားပါတယ်။

- အမြင့်ဆုံး အနုပညာလက်ရာမြောက်မှုတွေကို အနုစိတ်ဖန်တီး ထားတာကို မြင်ခဲ့ရတယ်။

F - 6 (B)

- ပိုပြီး အာရုံကပ်ညှိဖွယ်ကောင်းတာကတော့ အင်္ဂတေမှ ထွင်းထုထားတဲ့ ရုပ်လုံးရုပ်ကြွတွေ ဖြစ်တယ်။

- မူလကတည်းက တောက်ပစွာ ခြယ်သထားတဲ့ ဆေးရောင်တွေလည်း ထင်သာမြင်သာ ရှိသေးတယ်။

- တစ်ချို့တော့လည်း ရှေးဟောင်းရုပ်ပွားတော် တွေကို လိုင်ထွင်းထားပြီး အတွင်းမှာ ထည့်သွင်းပူဇော်ထားတဲ့ နေရာတွေရဲ့ ဘေးမှာ ဘုရားရှင်ကို ငြိမ်သက်စွာ ပူဇော်နေတဲ့ပုံစံမျိုး တည်ထား တယ်။

- နတ်သမီး၊ သီဆိုတီးမှုတ်နေတဲ့ ဂီတအနု ပညာသည်နှင့် ကချေသည် ရုပ်တုတွေအားလုံးကို ပြောစရာမရှိအောင် ကျွမ်းကျင်တဲ့ အနုပညာနှင့် ထုလုပ်ထားတာကို တွေ့ရတယ်။

**(ရော်ဘင်ဒန်းဟွန်း၊ဆာဝါဒီမဂ္ဂဇင်း)**

**၁၉၉၆–ခုနှစ်၊ စက်တင်ဘာလ**

## ကက္ကူ ဗုဒ္ဓပူဇနီယပွဲတော်များ

နရပတိစည်သူမင်းသည် ဤကက္ကူမွေတော် ဓာတ်မြတ်ကျော် စေတီအား မွမ်းမံပြုပြင် တည်ထားပြီးနောက် အဓိဋ္ဌာန်ထားတော်မူခဲ့သည်။

"ငါ၏ သက်တူမြတ်စွာဘုရားရှင်ကို ခပ်သိမ်းသော သူတော်ကောင်းတို့သည် တမြက်တလင်းပေါင်းမြက်သုတ်သင်၍ ဆွမ်း၊ သကာန်း၊ သပိတ်၊ ပရိက္ခရာ၊ ရေချမ်း၊ ဆီးမီး၊ ကြက်လျှာ၊ ပန်း၊ ပေါက်ပေါက်တို့ဖြင့် လှူဒါန်းပူဇော်ရသောသူတို့သည် နောင်သောအခါ ငါကဲ့သို့ ဖောင်စကြာရသော နရပတိစည်သူမင်းကြီးဖြစ်၍ အဆုံးစွန်သော ဘဝ၌ နိဗ္ဗာန်တရားတော်မြတ်ကို ရစေသတည်း" ဟု အဓိဋ္ဌာန်ပြု တော်မူခဲ့သည်။

မွေတော်ကက္ကူဘုရားအား ပူဇော်သောအားဖြင့် အခြားသော ရက်များ၌ပင် စေတီ၏ မဟာရံတံတိုင်း အတွင်းအပြင်နှင့် စေတီများ၏ အကြားတွင် ပေါက်ရောက်နေကြသော ချုံနွယ်၊ သစ်ပင်၊ ပေါင်းမြက်များကို ကက္ကူဝန်းကျင်ရှိ ရပ်ရွာများမှ သန့်ရှင်းရေးပြုလုပ်၍ ဝေယျာဝစ္စ ကုသိုလ်ယူကြသည်။

လေးမြတ်စွာ ဝတ်ပြုကိုးကွယ်ဆည်းကပ်ခြင်းသည် ထိုသူ၏ စေတနာသဒ္ဓါတရားနှင့် အသိဥာဏ်အပေါ် မူတ[illegible]သည်။ ပေးကမ်း လှူဒါန်းခြင်းသည် အောင်မြင်ပြီးမြောက်စေရန် လှူဒါန်းဖွယ်ရာ ရပ်ဝတ္ထု

ပစ္စည်းပြည့်စုံလျက်ရှိပါသော်လည်း စိတ်စေတနာဆန္ဒ ဦးစီးဦးဆောင် ပြုမှုမရှိဘဲ မည်သည့်အပြုအမူ ကာယကံကုသိုလ်အလုပ်၊ ဝစီကံ ကုသိုလ်အလုပ်များ မပြီးမြောက်နိုင်ပါချေ။

လဆန်းလဆုတ် (၈)ရက်နှင့် လပြည့်လကွယ် ဥပုသ်နေ့များတွင် ဗုဒ္ဓဘာသာဝင်တို့က စေတီဘုရားအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကြသည်။ ဘုရားအရိပ်ကို မှီခိုပြီး သီတင်းသီလကျင့်သုံးကာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခွင့် ရကြသည်။ ကက္ကူမွေတော်ဘုရားကို အမှီပြု၍ ကောင်းမှုကုသိုလ်များ ပွားများခြင်းပင်ဖြစ်သည်။

ကြီးကျယ်များပြားသော ကောင်းမှုကုသိုလ်တို့ ပို၍တိုးပွား စေရန် တစ်နှစ်လျှင် တန်ဆောင်မုန်းလပြည့်နေ့ တစ်ကြိမ်၊ တပေါင်း လပြည့်နေ့ တစ်ကြိမ်အားဖြင့် ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် ပြုလုပ်ကျင်းပခဲ့ကြလေသည်။

တပေါင်းလပြည့်နေ့တွင် ကျင်းပသော ဗုဒ္ဓပူဇနိယပွဲတော်မှာ ရာသီဥတု ပွင့်လင်းသာယာခြင်း၊ တောင်သူလယ်သမားတို့လည်း လယ်ယာလုပ်ငန်းခွင်တို့မှ အလုပ်များ အားလပ်ခြင်း၊ ပအိုဝ်းအမျိုးသား တို့၏ အမျိုးသားနေ့နှင့် တိုက်ဆိုင်မှု ရှိခြင်းတို့ကြောင့် ပို၍စည်ကားပြည့်မှီ လေသည်။

သက္ကရာဇ် ၁၁၉၄-ခုနှစ်တွင် ကျင်းပသော တပေါင်းလပြည့်

ဗုဒ္ဓပူဇနိယပွဲတော်မှာ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူပူဇော်ရင်း၊ သထုံကလေး (ဆီဆိုင်မြို့) ကို အုပ်ချုပ်ရသော ခွန်ကုံရသည် ပွဲတော်မှာပင် နတ်ရွာစံသည်အထိ မွေတော်ကက္ကူဘုရားအား လေးမြတ်ပူဇော်မှု ရှိခဲ့လေသည်။

## မွေတော်ကက္ကူထီးတော်တင်လှူခြင်း

ကက္ကူမွေတော်ဓာတ်မြတ်ကျော်စေတီအား လေးမြတ် ပူဇော်ရာတွင် ထီးတော်များ တင်လှူပူဇော်ခြင်းလည်း ပါဝင်လေသည်။ အထွတ်အမြတ်ထားထီးတော်ကို သက္ကရာဇ် ၁၁၃၂-ခုနှစ်တွင် တစ်ကြိမ် တင်လှူပူဇော်ခဲ့လေသည်။ နောင်အနှစ်တစ်ရာ ကြာညောင်းသောအခါ သထုံနယ်ကို အုပ်ချုပ်ရသော ခွန်အိုးလက်ထက် သက္ကရာဇ် ၁၂၃၀-ခုနှစ် အချိန်တွင် တစ်ကြိမ် ထီးတော်ကို တင်လှူပူဇော်ခဲ့လေသည်။

သက္ကရာဇ် ၁၂၆၀-ခုနှစ်တွင် ပြုလုပ်သော ထီးတော်တင်လှူခြင်းကိုမူ နောင်ခဲဘုန်းတော်ကြီး ဦးသောန က ဦးစီးကမ္မကထ ပြုခဲ့လေသည်။

## စဉ်ဆက်ထိန်းသိမ်း

ဘုရားအား တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းသည် ဂေါပကဖြစ်၏။ ရှေးအခါသမယတွင် သတ်သတ်မှတ်မှတ်ဖြင့် စုပေါင်းဖွဲ့စည်းပြီး ဂေါပကအဖွဲ့ဟူ၍ ရှိခဲ့ဟန်မတူသော်လည်း ဘုရားအားတည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်းကို မိမိ၏အသိဖြင့် စေတနာသဒ္ဓါတရား ထက်သန်စွာ

ဆောင်ရွက်ခဲ့ကြလေသည်။

လွန်ခဲ့သောနှစ်ပေါင်း (၂၀၀)ကျော်က ရေးထိုးခဲ့သော သက္ကရာဇ် ၁၁၁၅–ခုနှစ်၊ ခရစ်နှစ် ၁၇၉၃–ခု ခေါင်းလောင်းစာအရ ကက္ကူ မွေတော်ဓာတ်မြတ်ကျော်စေတီအား တည်ဆောက်ပြုပြင် ထိန်းသိမ်းခဲ့သူ ပုဂ္ဂိုလ်များကို ဤသို့တွေ့ခဲ့ရသည်။

– ခရစ်နှစ် (၁၇၉၃) ခုနှစ် ခေါင်းလောင်း ကမ္ပည်းစာတွင်

၁။ ကက္ကူ

၂။ ညောင်ရွှေ

၃။ တဘက်

၄။ နောင်ခဲ

၅။ နောင်မွန်

၆။ နမ့်ခုတ်

၇။ ဘန်းယဉ်

၈။ သံဆိုင်

၉။ အင်း(၄)ရွာတို့မှလည်းကောင်း

– ထိုကမ္ပည်းစာ၏ နောက်နှစ်ပေါင်း ၁၀၀ ကြာသောခရစ်နှစ် ၁၈၉၃ ခေါင်းလောင်း ကမ္ပည်းစာတွင်

၁။ ကက္ကူ

၂။ စကား

၃။ ညောင်ကိုင်း
၄။ ညောင်ရွှေ
၅။ ထီတမောင်း
၆။ ထီလုံ
၇။ နားခဲ
၈။ နမ့်ခဲ
၉။ နောင်မွန်
၁၀။ ပင်စုံ
၁၁။ ပင်မှိ
၁၂။ ပုန့်မူ
၁၃။ ဘော်နင်း
၁၄။ ဘန်းယဉ်
၁၅။ မိုင်းစစ်
၁၆။ မောက်မယ်
၁၇။ လွယ်လုံ(ပင်လောင်း)
၁၈။ လွယ်အဲ
၁၉။ သထုံ
၂၀။ သာမိုင်းခမ်း
၂၁။ သဲဖြူ
၂၂။ အင်း(၄)ရွာ တို့မှလည်းကောင်း

(၄၈) ရွှေးဟောင်း သမိုင်းဝင် မွေတော်ကက္ကူဘုရား သမိုင်း

**သံဃာတော်များ**

- ရှင်သောဏနှင့် ရှင်ဥတ္တရမထေရ် အမှူးပြုသော သံဃာအဖွဲ့ငါးပါး
- ရပ်ရွာ/မြို့/နယ်များမှ ပရိယတ္တိ စာပေဘက်၌ မသေးနှုတ်သော ဂိုဏ်းအုပ် ဆရာတော်ကြီးများ
- ထီတမောင်းရပ်မှာ ကိန်းအောင်းဌာနာ ပုဂ္ဂလာ
- သဲဖြူဘုန်းကြီး
- ပင်စုံကျောင်းမှ ဦးသောန
- ဦးဂုဏ
- ညောင်ကိုင်းပုဂ္ဂလ ဦးဂုန္န
- ထီလုံနေထ ပုဂ္ဂလ
- နောင်ခဲသမဏ ဦးသောန
- နောင်ယာဆိုင်းဆရာတော်
- နောင်မွန်အပိုင်း ဆံဆိုင်းရွာကျောင်း သီတင်းသုံး နေတော်မူသော ဆရာတော် ဦးစန္ဒိမာ
- ထီနဲ့ဘုန်းကြီး
- ဆောင်းဖိုးဘုန်းကြီး
- လွယ်သောဝ်ဘုန်းကြီး

- ကျောက်တလုံးထာပူပွေး ဆရာတော်
- တောင်တပ်ဘုန်းကြီး
- လုံမှူကျောင်းဘုန်းကြီး
- ပါပင်ဘုန်းကြီး

**လှူဒါယကာများ**

- သီရိဓမ္မာသောကမင်းတရားကြီး၊ မဂဓတိုင်း၊ ပါဋ္ဌလိပုတ်ပြည်
- နရပတိစည်သူမင်း၊ ပုဂံပြည်
- ညောင်ရွှေစော်ဘွား စောအုံ
- မောက်မယ်စော်ဘွား ခွန်မွန်
- နမ့်ခုတ်စော်ဘွား
- သထုံစော်ဘွား ခွန်ကုံရ
- စကားနယ်ရှင်
- ဘောနင်းမြို့စား
- မိုင်းစစ်မြို့စား
- လွယ်လုံမြို့စား၊ ခွန်ခမ်းချုတ် (ရင်ခွင်ပိုက် ခွန်တန်ကြယ်)

- နမ့်ခဲ ငွေခွန်မှူး ခွန်ကြယ်
- ပင်မို ငွေခွန်မှူး ခွန်ရွှေတောင်
- လွယ်အဲငွေခွန်မှူး ခွန်ရွှေကြာ
- ပုန့်မှုဓားမှူး
- ဘန်းယဉ်နယ်ရှင်
- တဘာက်နယ်ရှင်
- သာမိုင်းခမ်းနယ်ရှင်
- အင်း (၄)ရွာ ထမံများ
- ကက္ကူရွာဟိန်
- နောင်ခဲမြေတိုင်း စသည့်

သံဃာတော်များနှင့် စော်ဘွား၊ မြို့စား၊ ငွေခွန်မှူး၊ နယ်ရှင်၊ ဟိန်၊ မြေတိုင်း၊ ထမံရပ်ရွာမှ အလှူရှင်တို့က ကက္ကူမွေတော် ဓာတ်မြတ်ကျော်စေတီအား အစဉ်အဆက်အားဖြင့် တည်ဆောက်ပြုပြင် ထိန်းသိမ်းခဲ့ကြပေသည်။

## နိဂုံး

### ရိုးရာဝတ်ပြုပူဇော်မှု

ပအိုဝ်းတိုင်းရင်းသားတို့သည် သန့်စင်သော ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသူများဖြစ်သည်။ ဗုဒ္ဓသာသနာ (၂၅၀၀) ကျော်ခရီးတွင် အခြားသောအယူဝါဒများ ကိုးကွယ်ယုံကြည်မှုများသည် ဗုဒ္ဓဝါဒသို့ ရောနှောပါဝင်လာခဲ့ကြသည်။ ထိုသို့သော အယူကွဲဝါဒခြားများကို အခြေခံ၍ ဗုဒ္ဓသာသနာအတွင်း ဂိုဏ်းဂဏများ(၁၈)ဂိုဏ်းအထိ ကွဲပြားခဲ့ကြသည်။ မြတ်ဗုဒ္ဓ၏ ဓမ္မနှင့်ဆန့်ကျင်သော အယူဝါဒများကို တားဆီးကာကွယ်ရန် ရှင်မဟာကဿပစသော မထေရ်ကြီး ရဟန္တာပုဂ္ဂိုလ်တို့က မြတ်ဗုဒ္ဓ၏ ဓမ္မတရားတော်များကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးအုပ်စုခွဲခြား၍ စုပေါင်းရွတ်ဆိုသည့် သင်္ဂါယနာတင်ပွဲကို ပြုလုပ်ကျင်းပခဲ့ကြသည်။ ထိုသို့သော မထေရ်ကြီးများ၏ ဦးစီးလမ်းညွှန်ပဲ့ပြင်မှုကို ခံယူသောဝါဒဖြစ်သဖြင့် ထေရဝါဒဗုဒ္ဓဘာသာ ဂိုဏ်းတစ်ခုအဖြစ် ဗုဒ္ဓဝါဒ အစစ်အအမှန်ကြွကြွခံပြီး သာသနာနှစ် (၂၅၀၀)ကျော်မျှ ရပ်တည်လာခဲ့ကြသည်။ သင်္ဂါယနာကိုလည်း(၆)ကြိမ်တိတိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ခြောက်ကြိမ်မျှသင်္ဂါယနာတင်ထားသော ထေရဝါဒဗုဒ္ဓဘာသာ တရားတော်အတိုင်း လိုက်နာယုံကြည် ကိုးကွယ်ခဲ့ကြသဖြင့် ပအိုဝ်းယဉ်ကျေးမှု ဓလေ့တွင် ဗုဒ္ဓတရားတော်ကို အခြေခံသောရိုးရာဝတ်ပြု ပူဇော်မှုများ အခြေအမြစ်စွဲခိုင်မြဲလျက်ရှိနေခြင်းဖြစ်သည်။

## မိရိုးဖလာဗုဒ္ဓဘာသာမှ ကျော်လွန်၍

ရိုးရာဝတ်ပြု ပူဇော်မှုများမှ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ဆောက်တည်ခြင်း၊ ကျင့်ကြံခြင်း၊ ဒါနသီလစသော အခြေခံဗုဒ္ဓဘာသာ တရားများဖြစ်ပွား၍ ကုသိုလ်ရကြသော်လည်း တင်းတိမ်ရောင့်ရဲခြင်းမရှိဘဲ ယင်းတို့ထက် အဆင့်မြင့်သော သမထဝိပဿနာတရားတို့ကို ကြိုးပမ်း အားထုတ်ကြပါသည်။ မိရိုးဖလာဗုဒ္ဓဘာသာမှ ကျော်လွန်၍ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းတရားများကို အားထုတ်ရာ၌လည်း ကက္ကူမွေတော် ဓါတ်မြတ်ကျော်စေတီဘုရားသည် ပဋ္ဌာန်းဆက်အဖြစ် အထောက်အကူ ပြုလျက်ရှိသော နေရာဒေသတစ်ခုမှာ ထီးထီးမားမား ရပ်တည်လျက် ပစ္စုပ္ပန်နှင့်သံသရာ နှစ်ဖြာသောစီးပွားချမ်းသာကို အကျိုးပြုလျက်ရှိနေ ပေတော့သည်။



## ကက္ကူခေါင်းလောင်းစာ

### (၁) ညောင်ရွှေစော်ဘွားကြီးမှူးလျက် သွန်း
### သက္ကရာဇ် ၁၁၅၅ - ခရစ်နှစ် ၁၇၉၃

ရိပုံ သဗ္ဗမင်္ဂလံ။
ဘဒ္ဒကပ္ပံ၊ အပ္ပမေယျဂုဏ်
သာသနန္တေ၊ ဗုဒ္ဓသေဋ္ဌံ၊
မာရသေန၊ ကမ္ဘာရဋ္ဌံ၊ ရမ္မနဂရေ၊
ကမ္ဘာဘဒ္ဒ၊ သေဋ္ဌမုနိ၊
ထွန်းညှိတေဇာ၊ ရောင်ခြောက်ဖြာနှင့်
မိတေယျနောင်၊ ထွဋ်ဘုန်းခေါင်၏
များမြောင်ဖြည့်ညီ၊
ပါရမီဒသ၊ ပြည့်သည်မှလျှင်၊
မိခင်မာယာ၊ မြတ်ဗုဒ္ဓါကို၊
သာယာဖွားမြောက်၊ စေ့ရောက်ခုနှစ်ရက်
တက်သည့် နတ်ရွာ၊
ပီတာအပ်နှံ၊ ပြည်လုံးစုံမှ၊
နိဗ္ဗာန်သခင်၊
မြင်သည့်နိမိတ်၊ အကြောင်းဟိတ်တွင်၊
မြင်သည်မူလ၊ ရသည်သံဝေ၊
နန်းဂေဟောမှာ၊ မနေလိုချင်၊
နော်မာခွင်သို့၊

ဘုန်းအင်သေဋ္ဌ၊ ကိုယ်တိုင်ကြွ၍၊
ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာမှ၊
ကဏ္ဍာဆွမ်းကောင်း၊
စောလောင်းဓိန္နာ၊ ဘုန်းပေးရာက၊
ကြွလှာစုံလင်၊ စေင်လှူဆက်၊
ရှစ်ဆုပ်မြက်နှင့်၊ ပန္နက်ဆုသန် --
ပလ္လင်္ဂ၌၊
မာရာန်ပဥ္စ၊ မြတ်ဂုဏနှင့်၊
တေဇဖြိုးကယ်၊ မာရ်စစ်သည်ကို၊
အောင်စည်မြှောက်တီး၊ ပွဲကြီးသဘင်၊
လူ့ခွင်နတ်ရွာ၊ ဗြဟ္မာဂ္ဂန္ဓ၊
ပူဇသေဋ္ဌ၊ ခံပြီးသည်မှ၊
ဝေဏေယျကို၊
သုခမဂ်ရေ၊ ချိုးသောက်စေပြီး၊
နိဗ္ဗာန်မိုး၍
ဘုန်းမီးတေဇာ၊ ဂုဏ်ကိုးဖြာနှင့်
မိန့်မှာတံဆိပ်၊ ဗျာဒိတ်ထားရာ၊
သာသနာမူ၊
(အံအာဝိမိ၊ သည်ရှိ)စဉ်ခါ၊
တွင်၌သာလျှင်၊
ဒီပါကျွန်းလုံး၊ ရန်ညွန့်ဖုံးလျက်၊
ဘုန်းပဒေသာ၊ မင်းတရာတဝ၊
ရန်စစ်မပြု၊ ဆောင်းထီးဖြူနှင့်၊

မင်းဟူသမျှ၊ ဆက်သပဏ္ဏာ၊
တုပ်ပြတ်ရာသား၊
မဟာအမရ၊ ပူရထိပ်တင်၊
ဘဝရှင်၏၊
စံချင်ပျော်ရာ၊ ရွှေပြည်သာက၊
ယူဇနာတော်၊ ချင့်လိုက်သော်မူ၊
ခြောက်ယူဇနာ၊ ကျော်၍သာ၏။
မှန်စွာအင်္ဂ၊ ရပ်သိရဲ့၊
ထွန်းညှိတေဇ၊ ကမ္ဘောဇဟု၊
တိုင်းမထိပ်ချာ၊ ထက်နတ်ရွာသို့
ပမာယိုးမား၊ ပေါ်ကိုးပါးတွင်
ရခြင်းဧက၊ ပဗ္ဗတသည်၊
ဝန်းဝိုက်လည်းလျက်၊
ရေကြည်သီတာ၊ မြို့လကျာ၌၊
မချာနရီ၊ ရည်တွီတွီနှင့်၊
သရီမမွ၊ ဘောဂထင်ရှား၊
မြတ်ထွတ်ထား၏၊
ကိုယ်စားဓါတ်မွေ၊ အထွေထွေလည်း၊
ထွန်းဝေဂုဏ်တော်၊ တံခိုးပေါ်၏။
စံပျော်ဖွယ်ငှာ၊ ကျေးရွာခရိုင်၊
ပိုင်သည့်တပ်ပေါင်း၊ ဝပ်ညောင်းခရော
ရမ္မာသခင်၊ အရှင်စံရာ၊
ဝတီသာသို့၊ ညောင်ရွှေမြို့၏

ခွန်ပို့သွင်းဆက်၊ ကျေးလက်ဂါမာ
ဒက္ခိနာဝယ်၊
သညာတွင်မှု၊ ကက္ကူရွာကြီး
ပတ်ဆီးတောင်စဉ်၊ ရေယဉ်နှုကြည်
ဦးချိတိုက်ရာ၊ တောင်ကုန်းသာထက်
ဓမ္မာသောက၊ မင်းလှအလောင်း
ရှစ်သောင်းလေးထောင်၊ တည်ဆောင်ကိုယ်စား
မြတ်ဘုရား၏
ဆက်ပွားစေတီ၊ မြတ်သရီကို
ဒီပါကျွန်းခွင်၊ နေသို့ထင်သည့်
ဘုန်းအင်ထွန်းဘိ
နရပတိစည်သူ၊ အလောင်းတူလည်း
တည်ထူထပ်မံ၊ ပြုစုပြန်၍
ကောင်းမွန်လှစွာ၊ မြတ်ဗုဒ္ဓါ၏
သာသနာတော်၊ ထင်ပေါ်ညီးညီး
ရွှေဂူကြီးတွင်
လူ ရှင်အများ၊ ကြားရသဒ္ဒါ
ဖြစ်စိမ့်ငှါဟု
မြတ်ဆုရည်ထွေ၊ ညောင်ရွှေသခင်
အရှင်နှင့်သာ၊ ပါသည်သူမြတ်
မှူးမတ် စာရေး
မြတ်လေးသဒ္ဒါ၊ ကျေညာကျော်ညီး
အမတ်ကြီး

ကြည်ညိုမြတ်နိုး၊ သဒ္ဒါဖြိုး၍
ကောင်းကြိုးလုလ္လ၊ ဥဿာဟဖြင့်
ကမ္မမြော်တွေး၊ စည်းဝေးနှီးဆော်
ဘုန်းကြီးတော်က၊ မြတ်လှကြည်ညို
ပုဂ္ဂိုလ်ဂိုဏ်းအုပ်၊ မိန့်ထုတ်ခွင့်ပေး
စာရေးပေါစောများ
ဆော်ကြားပြုစု၊
ကက္ကူနောင်ခဲ၊ ကွပ်ကဲစိုးပိုင်
ဟိန်မြေတိုင်နှင့်၊
သံဆိုင်ကျေးရွာ၊ ဘန်းယဉ်(ပါ)လျှက်
တဘက်နောင်မွန်၊ တသွန်းမရုတ်
နမ့်ခုတ် သညာ၊ အင်း ၄ ရွာက
ဆရာတကာ၊ ပါဝင်စုဆောင်း
ထပ်လောင်းကြည်ဆွ
စိတ်ကရည်ရော်
နှစ်ရာပေါ်တွင်၊ ကျော်သည့်ရှစ်ဆယ်
ချိန်တွယ်မှန်စွာ၊ ကြေးလောဟာနှင့်
ဓိနာချစ်ရှင်၊ ရွှေဂူတွင်၌
သံရှင်ခေါင်းလောင်း၊ စုပေါင်းလက္ခ
ပေးကြသွန်းပြု၊ ကောင်းမှုဂုဏ်အင်
အရှင်နှင့်ကျွန်၊ ဆရာမွန်တို့
ရည်ညွှန်းတုံဘိ ......
.................., ........., ကြိမ်ဖန်၊

ခံစံ၍သာ၊
ပါယ်လေးရွာသို့၊ မျက်နှာမလည်၊
လွတ်ကင်းသည့်သာ၊
ဘဝါဘဝေ၊ ဖြစ်ပါစေဟု
ဤကောင်းမှုကြောင့်
ယခုငါတို့၊ မချို့ရည်ယော်
သူတော်တရား၊ ခုနစ်ပါးလည်း
မမှားမကွာ၊ တကာလောင်းတော်
တောင်းသောဆုကောင်း၊ မစောင်းမလွဲ
အမြဲမှန်စွာ၊ တည်ပါစေသော်။ ။
ဤသို့ပြုစု၊ ကောင်းမှုဒါန
စိတ်ကသဒ္ဓါ
သံသာခေါင်းလောင်း၊ စုပေါင်းလှူကြ
သွန်းချရေစက်၊ ပန္နက်ဆုသန်၊
အကျိုးအံကို၊ ဘဏ္ဍာန်လှူတွင်
မွေးမိခင်နှင့်၊ ဖခင်ကစ
ဘဝသခင်၊ ဘိုးခင်အများ
ဘေးဘွားအပေါင်း
တကြောင်းထိုမှ၊ တနပ့်ပြင်
သွန်သင်ဆုံးမ၊ ဆရာစသား
မုန်းထားသသူ၊ ချစ်သူခင်သား
စည်းပွားလိုမှု၊ ပြုသသူနှင့်
များလှအထောင်၊ ငါးထောင်သာသနာ

မက္ကာစောင့်ကြပ်၊ ကိုယ်စောင့်နတ်နှင့်
ရပ်ထက်ဝန်းကျင်၊ ထက်ခွင်ဒိ(သာ)
(ဒေဝါ) သိကြား၊ နတ်သားနေလ
နက္ခတ်စသား
အနန္တစကြာဝဠာ၊
ဖိလာထုတ်ချင်း၊ မယွင်းလုံးချုံ
ဘုံသုံးဆယ်တစ်၊ ဖြစ်သည်များစွာ
သူ့တကာကို၊
ငါတို့ညီထွေ၊ အမျှဝေ၏
များထွေကုန်ဘိ
ဝိစိဘဝက်၊ အောက်ထက်ရေနေ၊
ဆယ်ကုဋေနှင့်၊
များထွေလှစွာ၊ ကြည်းမှာလည်းနေ၊
ကိုးကုဋေကို၊ ဝေ၏အမျှ။
ယမကနှင့်၊ ယမလမည်ရှိ
သိရိဂုတ္တာ၊ ဝေမာနိကာ၊
စသည်များစွာ၊ ၄ဝေပါ၏။
ဒါနစိတ်သန်၊ သုံးတန်မယိမ်း၊
နှစ်သိန်းလေးသောင်း၊ အပေါင်းသညီ
ပထဝီကို၊ ရှုညှိစောင့်ပေ၊
သုန္ဒြေကို
သက်သေတည်ထား၊ တိုင်ကြားစေ့ရေ၊
အမျှဝေ၏။

ငါတို့နှင့်တကွ၊
အမျှရသည်ဖြစ်စေသောဝ်။
စိတ်ဓာကြည်ရွှင်၊ သံရှင်ခေါင်းလောင်း
ပြီးကြောင်းစင်စစ်၊ သက္ကရာဇ်ကား၊
တစ်ထောင့်တစ်ရာ၊ စွန်းပါငါးဆယ်၊
ငါးခုကယ်၍၊
သုံးသွယ်ဥတု၊ ရာသီစုတွင်၊
ဓနုရာသီ၊ ဆန်းညီတက်စ၊
နတ်တော်လဟု၊ ဆန်းစတစ်ရက်၊
ရက်ကားဘောမာ၊ ပြီးမြောက်စွာသည်၊
ဒေဝါသိကြား၊ အများနတ်လူ၊
ကြည်ဖြူသာဓုခေါ်စေသောဝ်။ ။



## ကက္ကူခေါင်းလောင်းစာ

## (၂) ဆရာတော်များကြီးမှူးလျှက် သွန်း
## သက္ကရာဇ် ၁၂၅၅ – ခရစ်နှစ် ၁၈၉၃

သဗ္ဗေသတ္တာ၊ အဝေရာ၊
ချမ်းသာစေထ၊ နာကုန်ကြလော့။
မိဘဆရာ၊ ဉာတကာ (ဟု)၊
...... ဘိုးဘွား၊ ဆွေသားမျိုးနွယ်၊
တသွယ်ပြည့်ရှင်၊
ဘုရင်မင်းမြတ်၊ လောကနတ်မှ၊
ဆည်းကပ်မကျန်၊ (ထေဓတ်)သံကို၊
နာခံအေးမြ၊ ချမ်းသာရလေ၊
အမျှဝေသော၊
ဝသုန္ဓြေ၊ သက်သေကြီးမား၊
မြေနတ်သားဟု၊
တိုင်းကြားခေါ်ပြု၊ ဤကောင်းမှုကို၊
ကုသိုလ်ခေါ်ရာ၊ နိဗ္ဗာန်ရှာသည်၊
နတ်လူသာဓုခေါ်စေသောဝ်၊
သာဓု သာဓု။
အတုလမိပတိ၊ ကျော်ခေါင်ထိသား
မုနိထွက်ထား၊ မြတ်ဘုရားသည်
သနားတော်မူ

F - 9 (A)

နတ်နှင့်လူအား၊ ကြည်ဖြူသဒ္ဓါ
စေတနာနှင့်
ပူဇာ သက္ကရ၊ ပြုကြစိမ့်ငှါ
ထားခဲ့ရှာသည့်၊ သာသနာနှင့်
ရောက်လစ်ကောဇာ၊ တစ်ထောင်သာ၍
နှစ်ရာငါးဆယ်၊ စွန်းဝယ်ငါးခု
ဥတုဂိမ္ဟ၊ နယုန်လ
မေထုံရာသီ၊ တော်သည့်ငါးရပ်
ညနှစ်ချက်တီးချိန်
အောင်မြင်ကောင်းမှု၊ ထိုနှစ်ခုတွင်
ကြံပြုစိတ်ကောင်း၊
ထီတမောင်းရပ်မှာ၊ ကိန်းအောင်းဌာန
ပုဂ္ဂလသည်
ဦးစညီတူ၊ သဲဖြူဘုန်းကြီး
ရပ်သီးနေကုန်၊ ပင်စုံကျောင်းမှ
ဦးသောနနှင့်
တူကွကိန်းအောင်း၊ ဤကျောင်းဦးဂုဏ
တူမျှညီနှိုင်း၊ သောင်ကိုင်းပုဂ္ဂလ
ဦးဂုန္ဒနှင့်
ညီမျှတူစုံ၊ ထီလုံနေထ
ပုဂ္ဂလတို့
တူကွပေါင်းဖြား၊ သုံးဆယ်စားသည်
ခန့်ထားမှုတုံ၊ လုံးစုံမှုပြီး

မြေတိုင်းကြီးက၊ တူတကွတို့
စိတ်မျှညီယူ
ရွှယ်ချူစိတ်သွန်၊ ဤသို့ကြံ၏
ဒေသဌာန၊ နေကြသသူ
များစွာလူတို့
အမြို့မြို့၌ ရပ်တိုက်သာကျယ်
အနယ်နယ်တူ၊ ရှင်လူရဟန်း
ကြိုးပမ်း၍သာ၊ စေတနာဖြူညီ
ရှိကြသူတို့
အတူကုသိုလ်၊ မင်္ဂိုလ်လမ်းကြောင်း
ခေါင်းလောင်းသွန်းပြု၊ အမှုရည်ရွယ်
သထုံနယ်က၊ ဥက္ကဋ္ဌအရှင့်
တူချင့်စပ်ရှည်၊ ဘန်းယဉ်ခေါ်တွန်
နောင်မွန်ဆိုစမြဲ
မောက်မယ်မည်လစ်၊ မိုင်းစစ်မည်သား
စကားမြို့ဟူ၊ ပုန့်မူခေါ်တုံ
လွယ်လုံဆိုမြဲ၊ နမ့်ခဲမည်သာ
အင်း ၄ ရွာဟု
ဝေါဟာဆိုပြော၊ လွယ်မော်ဆိုမြဲ
နားခဲတစ်သွယ်၊ လွယ်အဲခေါ်ညီ
ပင်မှီရပ်(သိုင်း)၊ သမိုင်းခမ်းခေါ်မြင်း
ဘော်နင်းနာမေ၊ မြို့ညောင်ရွှေက
ဒါနကြည်ဖြူ၊ ရှင်လူထည့်လောင်း

ကြေးအပေါင်းနှင့်
ခေါင်းလောင်းလုပ်ပြု၊ ကြေးပေါင်းစုနှင့်
သွန်းလောင်းပြုယူ၊ လှူလှတူ၍
ကက္ကူမွေတော်၊ ဓါတ်မြတ်ကျော်ကို
ပူဇော်ဒါန၊ ဆက်သအလှူ
ကြည်ဖြူလှစွာ၊ စေတနာသန်
ကုဝန်းရံသည်
ရရန့်ကြေးက၊ ရွှေငွေစသား
ထည့်သူများတို့
ကြေးသားချိန်မည်၊ မယိမ်းမပါး
၄၅၀၊ ပြည့်ဝယ်မှန်လှ
အမ ထားသည်
အများရှင်လှူ၊ မှတ်စိမ့်ယူ၍
ဤပုညကို၊ အမျှထူးထွေ
ရကြစေဟု၊ ခွဲဝေပြုသည်
သာဓု နတ်လူ၊ ကြည်ဖြူစေတနာ
အုတ်အာသောင်းသောင်း၊
စုပေါင်းညီညာခေါ်စေသောဝ်။

ဣမိနာ ယဏ္ဍံ ဤခေါင်းလောင်းကို
စုဆောင်းရှင်လှူ၊ ဝန်းကူညီညာ
ထည့်ပါသမျှ၊ ကြေးထိုမျှနှင့်
သွန်းထားလုပ်ပြု၊ ပြီးမှုအောင်မြင်

ကျော်ထင်ထိန်းသူ၊ ကိန်းဝပ်မူသည့်
ကက္ကူမွေတော်၊ ဓါတ်မြတ်ကျော်ကို
ပူဇော်ဆက်သ၊ ဤပုညကြောင့်
ခုမူဘဝ၊ ပစ္စက္ခမှ
စ၍သံသရာ၊ ဖြစ်တိုင်းမှာလည်း
လေးပါးပါယ်ရပ်၊ သုံးပါးကပ်နှင့်
ရှစ်ရပ်အပြစ်၊
ရန်စစ်ငါးဝ၊ ရှစ်ဒေါသမှ၊
ဒသဒဏ္ဍာ၊ ဆယ်ခြောက်ဖြာနှင့်၊
ဥပဒ္ဒဝ၊ ဘေးဘယကား၊
နှစ်ဆယ်ငါးနှင့်၊
ကိုယ်အားငြိတွယ်၊ သုံးဆယ်နှစ်ဝ
ဒွတ္တိံသလည်း၊ ပျောက်ပလွတ်ကွယ်
အန္တရာယ်များ၊ ခြောက်ပါးကိုးဆယ်
မတွယ်မငြိ၊ မထိမချွတ်
ကင်းလွတ်သည်သာ၊ ရှင်းကင်းကွာလျှက်
အသက်ရှည်လှ၊
ပါကူလမည်၊ မြတ်မထေရ်သို့
ဆင်းဝါတို့လည်း၊ ရှင်ကစ္စည်းသို့
ချမ်းသာတို့မှာ၊ နရဒ္ဒါရှင်
ပုံပြင်တူလှ၊
ဗလခွန်အား၊ ကြီးမားသည်မှ
ဗန္ဓုလသို့၊ တူစွပုရိ

ပဋိအာဏာ၊ ဉာဏ်မှာကြီးဘိ
သာရိပုတ္တရာ၊ ထေရ်မဟာသို့
မချို့တူစွာ၊ ဖြစ်ရပါ၏။
ဥစ္စနေ၊ ကြွယ်ဝမည်ရေး
သူဌေးဇောတိက၊ ပမာဏသို့
ဖြစ်ရပါလို
သံချိုသာသည်း၊ ငှက်မင်း ကရဝိတ်
သကုဏာတွင်၊ ဖြစ်လိုချင်၏။
လူ့ခွင်နတ်ရွာ၊ ဗြဟ္မာအရပ်
မပြတ်စံစား၊ နေရင်ြား၍
သုံးပါးဘုံပြင်၊ ဘက်မမြင်သည်
ဂုဏ်အင်ကျော်ကြား
ဘုရားစိန္တေ၊ သုံးလူဆွေလျှင်
လူရပ်ခွင်၌၊ မမြင်ဘက်ရှား
ဘုရားပွင့်ခါ၊ တွေ့ကြုံပါ၍
မုတ်နာတရား၊ ရသောအားကြောင့်
ဘုရားဖြစ်မူ၊ သုံးပါးဆုကို
တောင်းပြုသူအား၊ မိန့်တော်ကြားအံ့
ခြားနားရှိသာ၊
ရဟန္တာဆု၊ ပန်ပြုသူများ
ဘုရားပွင့်လျှင်
လေးအင်သစ္စာ၊ သမ္မိတာနှင့်
ခြောက်ဖြာဘိညာဉ်၊ ရှစ်ချာန်သမာပတ်

ရလတ်၍သာ၊ ရဟန္တာလျှင်
ဖြစ်ပြီးလျှင်မှ
ဇာတိဇရာ၊ ဗျာဓိမရဏာ
ဒုက္ခကင်းရာ၊ ဘေးမျိုးကွာ၍
ချမ်းသာလှဘိ
ပဋိသန္ဓေ၊ မနေလိုပါ
ကင်းကွာမရဏာ၊ မသေရာဘဲ
ဒုက္ခထဲမှ၊ လွတ်ရှိကင်းရာ
ချမ်းသာသုခ၊ အမတဟု
အဘယ ပူရံ၊ ပြည်နိဗ္ဗာန်သို့
လျှင်လျှင်ဆောဆော၊ ရောက်စေသောဝ်။ ။

## ကျမ်းကိုးစာရင်း

၁။ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ဒုတိယပိုင်း
တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

၂။ နရပတိစည်သူသမိုင်း(လက်ရေးမူ)
အမည်မသိ ရေးသားသည်။

၃။ ဓာတုဂုဏ်ရည် အတ္ထုပ္ပတ္တိ
အရှင်ဝိမလာဘိဝံသ
ညောင်ရွှေမြို့၊ ကန်ကြီးကျောင်းတိုက်ဆရာတော်

၄။ ဓါတ်တော်ပေါင်းစုံ အတ္ထုပ္ပတ္တိ
မာဃ၊ ဇေယျ
ဓါတ်တော်ပေါင်းစုံ ပင့်ဆောင်ပူဇော်ရေးအဖွဲ့

၅။ အသောကနှင့် သူ၏ ဓမ္မဝိဒ
ဦးသန်းထွန်း

၆။ ဗုဒ္ဓသာသနာသမိုင်း(အကျဉ်းချုပ်)
ကျော်နိုင်

၇။ ကဏ္ဍူစေတီစု လေ့လာရေး ပထမခရီးမှတ်တမ်း
ဦးသိန်းသန်းထွန်း၊ ဦးခွန်ရာမ

၈။ မှတ်စု
ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

၉။ Hidden Faces of Asia
(By Robin Dannhorn)